မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ဖရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၀)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ကိုယ်ရေးမှတ်တမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်သည် ဟန်လူမျိုးဖြစ်ပြီး ၁၉၄၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီရန်ကျန်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၅ ခုနှစ် ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသို့ စတင်ဝင်ရောက်ခဲ့ပြီး ဘူမိဗေဒဖွဲ့စည်းပုံ အဓိကဘာသာရပ်ဖြင့် ပေကျင်းမြို့ ဘူမိဗေဒ တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ကာ အင်ဂျင်နီယာဘွဲ့လွန်ပညာ သင်ယူလျက် ၁၉၆၇ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပါသည်။

တက်ရောက်ခဲ့

၁၉၆၀ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပေကျင်း ဘူမိဗေဒ တက္ကသိုလ် အမှတ်(၁) ဘူမိဗေဒနှင့်သတ္တုဌာန ဘူမိဗေဒ တိုင်းတာရေးနှင့် တူးဖော်ရေး အဓိကကျောင်းသားအဖြစ် တက်ရောက်ခဲ့ပြီးနောက် ဘူမိဗေဒဖွဲ့စည်းပုံ အဓိကဖြင့် ဘွဲ့လွန်ပညာကို သင်ကြားခဲ့သည်။

တာဝန်ထမ်းဆောင်

၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကန်းစုပြည်နယ် ဘူမိဗေဒ ဗျူရို ဘူမိစက်မှုပညာအသင်းတွင် နည်းပညာကျွမ်းကျင်သူနှင့် နိုင်ငံရေးရာ ဘာသာရပ် သင်တန်းဆရာ၊ နိုင်ငံရေးဌာန အကြီးအကဲတို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီ ကန်းစုပြည်နယ် ဘူမိဗေဒဗျူရို ဘူမိဗေဒစက်မှုပညာအသင်း၏ အဖွဲ့ဝင်နှင့် ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၉ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ ကန်းစုပြည်နယ်ဆိုင်ရာ ဘူမိဗေဒဗျူရို၏ အင်ဂျင်နီယာ၊ ဒုတိယဌာနအကြီးအကဲနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ခုနှစ်မှ ၁၉၈၃ခုနှစ်အထိ ဘူမိဗေဒနှင့် ဓာတ်သတ္တုအရင်းအမြစ်များ ဝန်ကြီးဌာန၊ မူဝါဒနှင့်ဥပဒေရေးရာ သုတေသနရုံး၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့၏ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၃ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ ဘူမိဗေဒနှင့် ဓာတ်သတ္တုအရင်းအမြစ်များ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့၏ အဖွဲ့ဝင်၊ ဒုတိယအတွင်းရေးမှူးနှင့် နိုင်ငံရေးရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၅ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေရုံး၏ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ခဲ့

၁၉၈၇ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အလှည့်ကျအတွင်းရေးမှူးရုံး အဖွဲ့ဝင်နှင့် အထွေထွေရုံး၏ ညွှန်ကြားရေးမှူးအဖြစ် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီး ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၉၂ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အလှည့်ကျအဖွဲ့ဝင်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ အထွေထွေရုံး၏ ညွှန်ကြားရေးမှူး၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအောက်ရှိ လုပ်ငန်းဌာနများကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၃ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အလှည့်ကျအဖွဲ့ဝင်၊ အဖွဲ့ဝင်နှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၂ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူးတို့အဖြစ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၃)ကြိမ်မှ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အဖွဲ့ဝင်နှင့် ဦးဆောင်ပါတီဝင်များအဖွဲ့ အတွင်းရေးမှူး၊ (၁၃)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အလှည့်ကျအဖွဲ့ဝင်၊ (၁၄)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ အလှည့်ကျအဖွဲ့ဝင်နှင့် (၁၄)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ (၁၅)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ (၁၆)ကြိမ် နှင့် (၁၇)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၀ ခုနှစ် ဇွန် ၂ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၀ ခုနှစ် ဇွန် ၂ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဆီလ်ဗီယို ဘာလူစကိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၁

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၁ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၁ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည် -

(၁) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
(၂) ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)
(၃) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၄) ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (Rakhine Nationalities Development Party)

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၂)ပါတီအနက် ပါတီ (၂၈)ပါတီကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

2-6 (01).pmd 1 6/2/2010, 1:52 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇွန် ၂ရက်)

မြန်မာစာပေနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားရေး ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်

စာပေသည် လူမှုစီးပွားဘဝမြင့်မားရေးကို အထောက်အကူပြုပြီး ခေတ်အမြင် ခေတ်အသိကို ထက်မြက်နိုးကြား မြင့်မားစေသည်။

မြန်မာတို့သည် စာပေနှင့်ယဉ်ကျေးမှုကို တန်ဖိုးထား မြတ်နိုးကြသည်။ မြန်မာစာပေတွင် လိမ္မာယဉ်ကျေးရန်အတွက် လောကီလောကုတ္တရာဆိုင်ရာ အဆုံးအမများ၊ စည်းကမ်းပြည့်ဝ၍ စာရိတ္တမြင့်မားရန်အတွက် ထိန်းကွပ်ပေးသည့်ကျင့်ဝတ်၊ နီတိ၊ ဖြတ်ထုံးနှင့် ဓမ္မသတ်ဆိုင်ရာ အယူအဆများ၊ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေသည့် သမိုင်းကြောင်းများ မြောက်မြားစွာရှိသည်။

စာပေပညာရှင်များသည် စာပေစွမ်းအားဖြင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာစာပေ၏ စွမ်းဆောင်မှုကြောင့် မြန်မာတို့၏ အတွေးအခေါ်အယူအဆများ၊ စိတ်ဓာတ်ရေးရာ မြင့်မားစေခဲ့သည်။

စာပေအသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့၏ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များအပေါ် အရင်းခံပြီး နှစ်ကာလပေါင်းများစွာ ရင်းနှီးပေးဆပ် အနစ်နာခံမှုများစွာဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ရင်းနှီးမှုများစွာ ပေးဆပ်ခဲ့ရသည့် ကလောင်နှင့် စာပေစွမ်းပကားဖြင့် မြန်မာစာပေအဆင့်အတန်း ပိုမိုမြင့်မားရေး၊ ပြည်သူများအတွင်း မှန်ကန်သော အတွေးအခေါ်ရှင်သန်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို စွမ်းဆောင်သွားကြရမည် ဖြစ်သည်။

မြန်မာတို့၏ ထူးချွန်ထက်မြက်သည့် အရည်အသွေးများ အစဉ်ရှင်သန်ခိုင်မာရန် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ပေးရန်အတွက် အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပေးခဲ့ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး စာပေပြိုင်ပွဲများ ကျင်းပ၍လည်း ထူးချွန်ထက်မြက်သူတို့အား ဂုဏ်ပြုချီးမြှောက်ခဲ့သည်။

သို့ဖြစ်ရာ စာပေပညာရှင်များသည် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေစွမ်းပကားဖြင့် စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတ္တုကဏ္ဍ တိုးတက်လာပြီး အောင်မြင်မှုရရှိနေ

ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်းအားထုတ်

နေပြည်တော် ဇွန် ၁

သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး(အပေါ်ပုံ) ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လျာထားချက်ပြည့်မီကျော်လွန်ရေး၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက မိမိတို့ဌာနအနေနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် သတ္တုကဏ္ဍတိုးတက်လာပြီးအောင်မြင်မှုများ ရရှိနေကြောင်း၊ ဌာနအလိုက်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီကျော်လွန်အောင် အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရေး၊ ပုဂ္ဂလိကကဏ္ဍကို ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းကို အဓိက ဦးစားပေးလုပ်ဆောင်ရန်နှင့် သတ္တုကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ ဘက်စုံထူးချွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ရေးနှင့် လုပ်ငန်းများသွက်လက်မြန်ဆန်ရေး၊ ဝန်ထမ်းမိသားစုများ၏ကျန်းမာရေးနှင့် ပညာရေးတို့ကို ကူညီပံ့ပိုးဆောင်ရွက်ကြရေး၊ စိုက်ပျိုးမွေးမြူရေးကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရေးတို့ကို အသေးစိတ်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များ Computex 2010 ပြပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁

တရုတ်(တိုင်ပေ)၌ဇွန် ၁ရက်မှ ၅ရက်အထိ ကျင်းပမည့် Computex 2010 ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အသင်းဝင်လုပ်ငန်းရှင် ၂၀တို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လေ့လာကြမည်

Computex 2010 ပြပွဲသည် အာရှတိုက်၏ အကြီးဆုံးနည်းပညာပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၁၃၀မှ IT လုပ်ငန်းရှင်များ လာရောက် လေ့လာကြမည်ဖြစ်ပြီး အသစ်ထုတ်ဖော်ပြသမည့် နည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့် ပြပွဲပြသမှု ပုံစံများကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များက လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အကုသိုလ်တစ်သက် ဖြစ်ပျက်တစ်ချက်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
- ၆:၅၀ ထူးမြတ်ပူဇော် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄)
- ၈:၃၀ Sports World (Contender Germany)
- ၈:၅၅ Activities in the City (Follow Me & Secret) အလှကုန်များ၏ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား
- ၉:၀၅ စုပေါင်းညီညာအောင်ကြောင်းဖြာ
- ၉:၂၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
- ၉:၂၅ အားကစားမြင်ကွင်းစုံ
- ၁၀:၂၀ စံကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
- ၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (စေတနာရှင်များသို့)
- ၁၁:၁၀ Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၄၅ ခတ်ပုံထဲမှ အမှတ်တရများ (ခွန်းဆင့်နေခြည်)
- ၁၂:၁၀ ဒွါရာဝတီ၏အနုပညာ… ဝါးရက်ကန်းလက်ရာ
- ၁၂:၂၅ Activities in the City
  - အလိုတော်ပြည့်အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား
  - ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲ၊ ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲ
- ၁:၀၀ **အကုသိုလ်တစ်သက် ဖြစ်ပျက်တစ်ချက်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (တောသူယူတာ ကောင်းတယ်၊ မြို့သူယူတာ ကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄)
- ၄:၀၀ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၄:၃၅ ဗီဒီယိုပြခန်း
- ၄:၅၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၅:၀၅ Activities in the City (Follow Me & Secret) အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား
- ၅:၂၀ စုပေါင်းညီညာအောင်ကြောင်းဖြာ
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခတ်ပုံထဲမှအမှတ်တရများ (ခွန်းဆင့်နေခြည်)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (စေတနာရှင်များသို့)
- ၇:၁၀ နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (Royal Rose နှင့်တက်တိုးနယည်ကွန်ဒို)
- ၇:၃၀ Milestones of Contemporary Music Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ ဗီဒီယိုပြခန်း
- ၁၀:၄၀ Milestones of Contemporary Music Selection
- ၁၁:၀၀ Industrial Talk
- ၁၁:၃၀ **ဖွားချို** စံရှားတင်၊ ဝါးခယ်မရဲမောင် (ဒါရိုက်တာ-ဦးခင်ဇော်)
- ၁၁:၄၅ Activities in the City (အလိုတော်ပြည့်အာယုဒီဃ သံဃာ့ဆေးရုံကျောင်းဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနား)
- ၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပိုးလောက်လမ်း နှိမ်နင်း

သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသူရဦးဆောင်၍ ကျိုက္ခမီမြို့တိုက်နယ်ဆရာဝန်နှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် မေ ၂၅ရက်က ကျိုက္ခမီတိုက်နယ် နှစ်ကိုင်းကျေးရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ကျေးရွာလုံးကျွတ် ပိုးလောက်လမ်းနှိမ်နင်း ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၅/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့ တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ် (၂/၂/၃၂) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၅) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ချင်းတိုးတက်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၆/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၂)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) ၏ မှတ်ပုံတင်အမှတ်မှာ (၂၆) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း
အီတလီနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၀ ခုနှစ် ဇွန် ၂ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖရန်ကို ဖရက်တီနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ် ထွက်နေပြီ

ရန်ကုန် ဇွန် ၁

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၁)တွင် Political Times အထူးအချပ်ပိုအပါအဝင် မင်္ဂလာဈေးနောက်ဆက်တွဲ ဘယ်လိုဖြေရှင်းမလဲ အထူးသတင်းနှင့် နိုင်ငံတကာကျောင်းများ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်ရေးသားသည့် ဝိမုတ္တိခေတ်နိုင်ငံရေး၊ ဆရာမောင်သာနုရေးသားသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးသမားများ၊ ချင်းတိုးတက်ရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဥက္ကဋ္ဌ ဦးနိုထန်ကပ်နှင့် တွေ့ဆုံခြင်းစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ မီးတောက်နေတဲ့ တကယ့်မီးညွန့်ကို ရေမရောက်လို့ မြန်မြန်မငြိမ်းနိုင်ခဲ့တာဖြစ်ပါတယ်၊ ဆိုင်ခန်းတွေက အလူမီနီယံယင်းလိပ်တွေနဲ့ ပိတ်ထားတာလေ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့်နှင့် တွေ့ဆုံခြင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ရောင်းချမည့်ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြစ်ဖွယ်ရှိ၊ ဥရောပစံနှုန်းမီအရည်အသွေးမြင့်ကားများထုတ်ရန် အာဆီယံနိုင်ငံများနှင့် မြန်မာပူးပေါင်းဆောင်ရွက်မည်၊ မီးဘေးသင့် မင်္ဂလာဈေးဆိုင်ခန်းရှင်များကို ပုဂ္ဂလိကဘဏ်များက ငွေထုတ်ချေးမည်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို စိတ်ဝင်စားအောင် မည်သို့ပြုလုပ်ရမည်နည်း ကိုရီးယားခရီးသွားဆောင်းပါး၊ နိုင်ငံရေးပါတီများ ပြည်သူတို့နှင့် တစ်သားတည်းကျဖို့ ဘာတွေလုပ်ဖို့လိုသလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ကျောင်းဖွင့်ချိန်၊ သားတွေ သမီးတွေရှိလာတော့ အလုပ်တွေကို နားနားနေနေပဲလုပ်တော့တယ် အကယ်ဒမီလူမင်းနှင့်လိုတိုဗျူး စသည့်ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

စုံလင်စွာ

မြောက်ကိုရီးယားကို ဆန့်ကျင်ရာတွင် တရုတ်ပါဝင်ရန် ဟီလာရီတိုက်တွန်း၊ သင်္ဘောနစ်စင်းတိုက်မိ၍ ရေနံယိုဖိတ်မှုကြောင့် ချန်ဂီကမ်းရိုးတန်းရှိ ငါးမွေးကန်များ အသည်းအသန်ကာကွယ်ရန်ကြိုးပမ်းနေရ၊ မိခင်ဖြစ်သူက ကလေးငယ်နှစ်ဦးကိုသတ်မှု စပိန်တွင်ဖြစ်ပွား၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ကောင်စီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး ဂျကာတာ၌ကျင်းပ
မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ရက်မှ ၃၁ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်ပြီး ယမန်နေ့က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်လေးဦး ပါဝင်သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ရက် နံနက်ပိုင်းက ဂျကာတာမြို့ရှိ အားကစားကွင်း၊ အားကစားရုံများသို့ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုလေ့လာကာ ညပိုင်းတွင် ဂျကာတာမြို့တော်ခန်းမ၌ ကျင်းပသော ဂျကာတာမြို့တော် ဒုတိယအုပ်ချုပ်ရေးမှူး၏ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အတည်ပြု

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (Southeast Asian Games Federation Council Meeting)ကို မေ ၃၀ရက် မွန်းလွဲ ၂နာရီက ဂျကာတာမြို့ Hotel Mulia Senayan- Gerbera ခန်းမ၌ ကျင်းပရာ အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ် အဖွဲ့ဝင်(၁၁)နိုင်ငံမှ ကောင်စီဝင်များ တက်ရောက်ခဲ့ကြကာ ၂၀၁၁ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ အရှေ့တောင်အာရှဒေသ အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီဝင် ဝန်ကြီး သူရဦးအေးမြင့်က ၂၀၁၃ခုနှစ် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသကာ ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် အဆိုပြုတင်သွင်းခဲ့ရာ အစည်းအဝေးတက်ရောက်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံ အတည်ပြုကြသည်။

တက်ရောက်

ဆက်လက်၍ အဆိုပြုလွှာကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအဖွဲ့ဝင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ Mrs. Rita Subowo ထံ တရားဝင်လွှဲပြောင်း ပေးအပ်ပြီး အဖွဲ့ချုပ်ကောင်စီ၏ အတည်ပြုချက်ကို ရယူခဲ့သည်။ ယင်းနောက် မေ ၃၁ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးနှင့် လုပ်ငန်းအလိုက် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် ကော်မတီဝင် ပါမောက္ခ ဒေါက်တာသန်းတိုးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်-အာဖရိက ထိပ်သီးအစည်းအဝေး အိုင်ဗရီကို့စ်သမ္မတ တက်ရောက်မည်မဟုတ်

အာဘစ်ဂျန် ဇွန် ၁

ပြင်သစ်-အာဖရိက ဆက်ဆံမှု ပြန်လည်ဆန်းသစ်ရေး ပြင်သစ်က အိမ်ရှင်အဖြစ်ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ မိမိ တက်ရောက်မည်မဟုတ်ကြောင်း အိုင်ဗရီကို့စ်သမ္မတ လောရင့်ဂျီဘက်ဘိုက မေ ၃၀ရက်၌ ထုတ်ဖော်ကြေညာသည်။

မတက်ရောက်

အိုင်ဗရီကို့စ်သမ္မတ ဂျီဘက်ဘိုက သူ၏အစိုးရကို ဖြုတ်ချရန်မအောင်မြင်သော အာဏာသိမ်းမှုနှင့်စပ်လျဉ်း၍ မဖြေရှင်းရသေးဘဲ ထိုထိပ်သီးအစည်းအဝေးသို့ မတက်ရောက်ဟုလည်း ထုတ်ဖော်ပြောကြားသည်။

မျှော်လင့်

အဆိုပါ (၂၅)ကြိမ်မြောက် ပြင်သစ်-အာဖရိက ထိပ်သီးအစည်းအဝေးကို မေ၃၁ရက်မှ ဇွန်၁ရက်အထိ ပြင်သစ်နိုင်ငံ နိုက်စ်မြို့၌ ကျင်းပမည်ဖြစ်ပြီး အာဖရိက ခေါင်းဆောင် ၃၈ဦးကို ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်မည်ဖြစ်သည်။ အာဖရိကတိုက်၌ ပြင်သစ်သံတမန်လုပ်ငန်း တိုးတက်ရေးကို ဤထိပ်သီးအစည်းအဝေးက မျှော်လင့်ထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ (အင်တာနက်)

အိုင်ဗရီကို့စ်သမ္မတလောရင့်ဂျီဘက်ဘို

အိန္ဒိယပြည်တွင်း ကုန်ထုတ်လုပ်မှု မြင့်တက်

မွမ်ဘိုင်း ဇွန် ၁

ယခုနှစ်မတ်၃၁ရက်၌ ပြီးဆုံးသည့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုသည် အစောပိုင်းကာလက ၇ ဒသမ ၂ ရာခိုင်နှုန်း မျှော်မှန်းထားသည်ထက် ၇ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးမြင့်လျက်ရှိပြီး အမေရိကန်ဒေါ်လာ ဘီလီယံ၉၇၀ ရှိကြောင်း စာရင်းအင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးဝန်ကြီးဌာနက မေ၃၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ရေလုပ်ငန်း၊ သတ္တုတွင်းစသည့် ကုန်ထုတ်ကဏ္ဍများ၏ ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုမှရရှိသည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၉၆၅ ဘီလီယံနှင့် အသားတင်ဝင်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂၀ ဘီလီယံရှိခဲ့ရာမှ ၄င်းဝင်ငွေများမှ ၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၆ ရာခိုင်နှုန်း အသီးသီး မြင့်တက် ခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကလေးများနေ့ပျော်ပွဲရွှင်ပွဲ

ဟန်ဂေရီနိုင်ငံ ဘူခါရက်မြို့၌ ကျင်းပသည့် ကလေးများနေ့ ပျော်ပွဲရွှင်ပွဲတွင် ပါဝင်ဆင်နွှဲကြသော မိသားစုဝင်များကို မေ၃၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မြောက်ဝါဇီရစ္စတန်၌ ပါကစ္စတန်တပ်ဖွဲ့ ထိုးစစ်သစ်ဆင်နွှဲရန်စီစဉ်

အစ္စလမ္မာဘတ် ဇွန် ၁

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသရှိ တာလီဘန်ပြောက်ကျားများအား ထိုးစစ်သစ်ဆင်နွှဲမည့် ဆုံးဖြတ်ချက်ကို အမေရိကန်က ချမှတ်ခြင်း မဟုတ်ဘဲ ပါကစ္စတန်က ချမှတ်မည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ဇွန်၁ရက်၌ ရှင်းလင်းပြောကြားသည်။

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြင်ပအင်အားစုများချမှတ်ပေးသည့်အတိုင်း ဆုံးဖြတ်မည်မဟုတ်ကြောင်း၊ ပါကစ္စတန်အစိုးရက အခြေအနေတစ်ရပ်လုံးအပေါ် အကဲဖြတ်ပြီး မြောက်ဝါဇီရစ္စတန်ဒေသအား ထိုးစစ်သစ်ဆင်နွှဲမည့် ဆုံးဖြတ်ချက်ကို ပါကစ္စတန်တပ်ဖွဲ့က ချမှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရာဇာဂီလာနီက သတင်းထောက်များအား ပြောကြားသည်။

မြောက်ဝါဇီရစ္စတန်ရှိ တာလီဘန်များကို ထိုးစစ်သစ်ဆင်နွှဲရန် အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ထပ်တလဲလဲ တိုက်တွန်းခဲ့ပြီးနောက် ဖော်ပြပါ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ (အင်တာနက်)

အီရန်နိုင်ငံခြားရေးဝန်ကြီး နျူကလီးယားအစီအစဉ် ဆွေးနွေးရန် ဂျပန်နိုင်ငံသို့ရောက်ရှိ

တီဟီရန် ဇွန် ၁

အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီသည် ဂျပန်အဆင့်မြင့်ပုဂ္ဂိုလ်များနှင့် အီရန်နျူကလီးယားအစီအစဉ် ဆွေးနွေးရန်အတွက် ဂျပန်နိုင်ငံသို့ မေ၂၉ရက် စောစောပိုင်းက ရောက်ရှိလာသည်။

ပြောကြား

မိမိတို့အနေဖြင့် အီရန်၏ နျူကလီးယားကြေညာချက်အသေးစိတ်ကို ဂျပန်တာဝန်ရှိ ပုဂ္ဂိုလ်များသို့ အကြောင်းကြားရန်ရည်ရွယ်ကြောင်း မော့တာကီက တိုကျိုသို့ ခရီးရောက်မဆိုက် ပြောကြားလိုက်သည်။

ပါဝင်

ထို့အပြင် အီရန်က အဆင့်နိမ့်သန့်စင်ပြီး ယူရေနီယံတစ်ဝက်ခန့်ကို တူရကီသို့ တင်ပို့ပြီး အီရန်၏ သုတေသန ဓာတ်ပေါင်းဖိုအတွက် လိုအပ်နေသည့် နျူကလီးယားလောင်စာနှင့် ဖလှယ်မည်ဟု ကြေညာချက်တွင် ပါဝင်ကြောင်း စသည်ဖြင့် ၄င်းက ထပ်လောင်းပြောကြားသည်။ (အင်တာနက်)

ရုရှားနိုင်ငံ ရိုစတက်စ်-တွန်-ဒွန်မြို့၌ (၂၅)ကြိမ်မြောက် ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် သတင်းထုတ်ပြန်ရေးဌာန ဖွင့်လှစ်ထားသည်ကို မေ၃၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီသီယိုးပီးယား ရွှေတူးဖော်ရေး အိုင်အက်ဖ်စီ ရင်းနှီးမြှုပ်နှံမည်

အဒစ္စဘာဘာ ဇွန် ၁

နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း(အိုင်အက်ဖ်စီ)အနေဖြင့် အီသီယိုးပီးယားနိုင်ငံ၌ ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် နီတာသတ္တုတူးဖော်ရေးကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ ၅သန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံသည်ဟု အင်တာနက်သတင်းတွင် မေ၃၁ရက်က ဖော်ပြသည်။

အဆိုပါ အိုင်အက်ဖ်စီသည် ကမ္ဘာ့ဘဏ်၏ ပုဂ္ဂလိက အခန်းကဏ္ဍဆိုင်ရာ ငွေချေးကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး အီသီယိုးပီးယားရွှေတူးဖော်ရေးအပြင် ဘူရွန်ဒီနိုင်ငံ၌ နီကယ်တူးဖော်ရေး ဆောင်ရွက်နေသည့် နီတာသတ္တုတူးဖော်ရေး ကုမ္ပဏီတွင် ယင်းကဲ့သို့ ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည့်အပြင် အီသီယိုးပီးယား ပလက်တီနမ်တူးဖော်ရေး လုပ်ကွက်များကိုလည်း စူးစမ်းရှာဖွေလျက်ရှိသည်။

အကျိုးအမြတ်ရ

အာဖရိကအရှေ့မြောက်ပိုင်းရှိ အီသီယိုးပီးယားနိုင်ငံသည် ပြီးခဲ့သည့် ၁၀နှစ်အတွင်း ရွှေတင်ပို့ရောင်းချမှု ၄၈တန်ရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၅သန်း အကျိုးအမြတ်ရရှိခဲ့သည်။ (အင်တာနက်)



အမေရိကန်နိုင်ငံ မန်ဆာချူးဆက်နည်းပညာဌာနမှ တီထွင်ထုတ်လုပ်လိုက်သည့် နေရောင်ခြည်စွမ်းအင်သုံး ဖယောင်းတိုင်များကို မေ၃၁ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီရန်နှင့်ကာဇက်စတန် တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမည်

တီဟီရန် ဇွန် ၁

အီရန်လေကြောင်းကုမ္ပဏီ မာဟန်အနေဖြင့် အီရန်နိုင်ငံ တီဟီရန်မြို့မှ ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့သို့ တိုက်ရိုက်ပျံသန်းမည့် ပထမဆုံးလေကြောင်းခရီးစဉ် ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ မေ၃၁ရက်က ဖော်ပြသည်။

ထည့်သွင်းပြောကြား

သီတင်းတစ်ပတ်အတွင်း ခရီးသည်ထောင်ချီ၍ သယ်ယူပို့ဆောင်ပေးသွားရန် ရည်ရွယ်လျက် အဆိုပါ လေကြောင်းခရီးစဉ်သစ်ကိုပြေးဆွဲရန် စီစဉ်လိုက်ခြင်းဖြစ်ပြီး ယင်းသို့ပျံသန်းပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းသစ်များ ရရှိနိုင်မည်ဟုမျှော်လင့်ကြောင်း အီရန်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီး နာဘက်စ်ရူဝတီမက်ဗ်က မာဟန်လေကြောင်းကုမ္ပဏီ၌ မေ၃၁ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

စီစဉ်

အဆိုပါ လေကြောင်းခရီးစဉ်ကို ဇွန်၁၆ရက်၌ စတင်ပြေးဆွဲရန်နှင့် သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲရန် စီစဉ်ထားကြောင်း မာဟန်လေကြောင်းကုမ္ပဏီဥက္ကဋ္ဌ ဟက်ဆန်အာရက်နီဂျက်က ပြောကြားသည်။ (အင်တာနက်)

အီရတ်ရှိ အမေရိကန်စစ်စခန်း လက်နက်ကြီးဖြင့် ပစ်ခတ်ခံရ

ဆာလာအယ်ဒင် ဇွန် ၁

အီရတ်နိုင်ငံရှိ အန်ရာကွန်ဒါ အမေရိကန်စစ်အခြေစိုက်စခန်းအပြင်ဘက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုဖြစ်ပွားကြောင်း၊ သို့သော်ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်သေကျေမှုကို သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း ဘာလာဒေသလုံခြုံရေးသတင်းရပ်ကွက်က မေ၃၀ရက်၌ ပြောကြားသည်။

ပစ်ခတ်

ယင်းဖြစ်ပွားမှုသည် တီကရစ်မြို့တောင်ဘက် ကီလိုမီတာ၇၀ရှိ ဘာလာဒေသ၌ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထောက်ပံ့

အဆိုပါအခြေစိုက်စခန်းသည် အမေရိကန်တပ်ဖွဲ့အား ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသည့် အီရတ်နိုင်ငံရှိ အရေးကြီးဆုံးသော စစ်အခြေစိုက်စခန်းတစ်ခုဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိက အလယ်ပိုင်း၌ မုန်တိုင်းတိုက်ခတ် ၉၆ဦးသေဆုံး

ဂွာတီမာလာစီးတီး ဇွန် ၁

အက်ဂါတာအပူပိုင်းမုန်တိုင်းသည် အမေရိကအလယ်ပိုင်းရှိ ဂွာတီမာလာနိုင်ငံနှင့် အယ်လ်ဆာဗေဒိုနိုင်ငံတို့၏ ကုန်းတွင်းပိုင်းကို မေ၃၁ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး ၉၆ ဦးသေဆုံးခဲ့သည်။

သေဆုံး

မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်သဖြင့် အပျက်အစီးများရှိခြင်းကြောင့် အယ်လ်ဆာဗေဒိုအစိုးရက အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။ အဆိုပါဖြစ်စဉ်တွင် စုစုပေါင်း ၁၃ဦး သေဆုံးကြောင်း မြို့ပြကာကွယ်ရေးအရာရှိက ပြောကြားသည်။

ကြေညာ

အဆိုပါမုန်တိုင်းသည် ကုန်းမြေများကို တိုက်ခတ်ပြီးနောက် အရှိန်လျော့နည်းသွားမည်ဟု အမေရိကန်မိုးလေဝသဌာနက ခန့်မှန်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ ရိုက်တာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အိန္ဒိယအရှေ့ပိုင်း၌ အင်အားပြင်းလေပြင်းမုန်တိုင်းလျှပ်

အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းလွန်တွင် ဇွန်၁ရက်နံနက်က ရစ်ချ်တာစကေးဖြင့်သမ ၆အဆင့်ရှိသော အင်အားပြင်းလျှောင်လှုပ်ခဲ့ကြောင်း၊ လျှောင်လှုပ်မှုကြောင့် နီကိုဘာကျွန်း၌ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်း မရှိကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

တရုတ်ဈေးကွက်သို့ ကနေဒါထုတ်ကုန်များတင်ပို့မည်

တရုတ်ဈေးကွက်သို့ ကနေဒါနိုင်ငံမှ သတ္တုနှင့် သစ်အချောထည်ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကုန်ပစ္စည်းများ တင်ပို့ရာတွင် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကနေဒါအရာရှိများက ဇွန် ၁ရက်၌ ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ရေလွှမ်းမိုးမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာဂွင်ဒါနာရိုပြည်နယ်တွင် ဇွန် ၁ရက်နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံပြည်သူ ၄၇၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

စင်ကာပူနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်

စင်ကာပူနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှုတိုးတက်လျက်ရှိရာ ၂၀၀၉ခုနှစ်က ကုန်သွယ်မှုငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၁ဒသမ၁ဝ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း ကမ္ဘောဒီးယားကုန်သွယ်ရေးအရာရှိများက ဇွန်၁ရက်၌ ပြောကြားသည်။

တရုတ်တောင်ပိုင်းဆိပ်ကမ်းအနီး မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံတောင်ပိုင်း ဖန်ချန်ဂန်မြို့ဆိပ်ကမ်းအနီး၌ ဇွန်၁ရက်က မြေပြိုမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အစ္စရေးတို့တိုက်ခိုက်မှု ဩစတြေးလျဝေဖန်

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသောသင်္ဘောကို အစ္စရေးကွန်မန်ဒိုများက စီးနင်းတိုက်ခိုက်မှုဖြစ်ရပ်အပေါ် ဩစတြေးလျဝန်ကြီးချုပ်က စိတ်ပျက်ဝမ်းနည်းရကြောင်း ဇွန် ၁ရက်က ဝေဖန်ပြောကြားသည်။

နယူးယောက်၌ ရဟတ်ယာဉ်မတော်တဆမှုဖြစ်ပွား

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဇွန် ၁ရက် နံနက်က ရဟတ်ယာဉ်တစ်စင်း သစ်ပင်များကိုတိုက်မိပြီး အရေးပေါ်ဆင်းသက်ခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ကိုးဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း နယူးယောက်မြို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ***(အပေါ်ပုံ)***

ချီကာဂို၌ ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဇွန် ၁ရက်နံနက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ချီကာဂိုမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ယာဉ်မတော်တဆမှု ၁၅ဦးသေဆုံး

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ ဇွန်၁ရက်က လက်ထပ်ပွဲတစ်ပွဲမှပြန်လာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ။ ***(အင်တာနက်)***

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲ မြိတ်၌ကျင်းပ

မြိတ် ဇွန် ၁

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၈ရက် မွန်းလွဲ ၁နာရီက မြိတ်မြို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုများကို ထပ်ဆင့်ရှင်းလင်းသည်။

ယင်းနောက် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်သန္တာမျိုးဝင်းက လုပ်ငန်းများကို လအလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နဝဒေးမြို့ရှောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းမှုကို မေ ၁၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာထပ်ပိုးလွှာခင်း

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် အမှတ်(၄)ရပ်ကွက် သရဖီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



အဆို၊ အက၊ အတီး ပခုက္ကူ၌ သင်တန်းဆင်း

ပခုက္ကူ ဇွန် ၁

၂၀၁၀ ခုနှစ် မကွေးတိုင်း ပခုက္ကူခရိုင် နွေရာသီ အဆို၊ အက၊ အတီး သင်တန်းဆင်းပွဲကို မေ ၁၆ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့ အထက(၂)ကျောင်း ပိတောက်ဆောင်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ ***(၀၇၀)***

မအူပင်၌ ရက်တိုယာဉ်မောင်းသင်တန်းဖွင့်

မအူပင် ဇွန် ၁

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မအူပင်)၏ ရက်တို ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၂/၂၀၁၀)ဖွင့်ပွဲကို မေ ၁၁ရက်ကကျင်းပရာ ခရိုင်ဦးစီးမှူး ဦးရှေးရယ်က မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများ လိုက်နာရန်စည်းကမ်းချက်များ၊ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ဖြစ်ပွားရခြင်းအကြောင်းရင်းများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးဝမ်းမောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်အကြောင်းများနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ တိုင်းဦးစီးမှူးရုံး(ပုသိမ်) စစ်ဆေးရေးမှူး(၂)ဦးသိန်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမေးခွန်းများနှင့် ယာဉ်မောင်းများအား လက်တွေ့စစ်ဆေးသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈ဝဦး တက်ရောက်ကြသည်။ **(ဝဲပုံ)** **(ခရိုင်ကညန)**

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၀ရက်က ကံမမြို့ အမှတ်(၄)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးခင်မောင်ညွှန့်က ပြည်သူများလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဆီဆိုင်၌ စာကြည့်တိုက်များဆောက်လုပ်မှုစစ်ဆေး

တောင်ကြီး ဇွန် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီသည် တောင်ကြီးခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်၊ ဆီဆိုင်မြို့နယ် ဦးစီးမှူး ဦးနေမျိုးသူရိန်တို့နှင့်အတူ မေ၆ရက်က ဆီဆိုင်မြို့နယ်အတွင်း ဆောက်လုပ်လျက်ရှိသည့် ဝါးခရာကျေးရွာ ပညာဗိမာန်စာကြည့်တိုက်၊ ဆိုက်ခေါင်ကျေးရွာ အောင်ပညာစာကြည့်တိုက်၊ လွယ်ဆံဆစ်ကျေးရွာ ပညာဗိမာန်စာကြည့်တိုက်နှင့် နောင်မွန်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်တို့ကိုကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာများမှ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူရေးတို့ကို ဆွေးနွေးသည်။ **(ပြည်နယ် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင် စိန်ပန်းလမ်း အမှတ်(ဆ/၃၇)နေ ဦးကောက်-ဒေါ်အုံးမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အလှူငွေနှင့်ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲ ရွှေဘို၌ကျင်းပ

ရွှေဘို ဇွန် ၁

ရွှေဘိုမြို့ ရပ်ပျိုတိုင်းရင်းဆေး တိုင်းရင်းသမားတော်ကြီး သုဓမ္မမဏိဇောတရေ၊ သီဟသုဓမ္မမဏိဇောတရေ ဒေါက်တာဘိုကြီး(လူမှုထူးချွန်)- သုဓမ္မသိင်္ဂီ ဒေါ်တင်နုတို့က ရွှေဘိုမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း ၁၆ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးကျောင်း၊ လူငယ့်အားမာန် စေတနာညကျောင်းတစ်ကျောင်းတို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းနေမြဲရေး၊ အလှူငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို မေ ၅ရက်က အထက(၂) ရွှေရတုခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဦးနှင့် ခရိုင်ပညာရေးမှူး ဦးကျော်မြင့်တို့က အမှာစကားပြောကြားပြီး ဒေါက်တာဘိုကြီးက အထကကျောင်းများအတွက် ငွေကျပ်လေးသိန်းနှုန်း၊ အလကကျောင်းများအတွက် ငွေကျပ်သုံးသိန်းနှုန်း၊ အမက၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် စေတနာညကျောင်းများအတွက် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

တရားသူကြီးချုပ် ဦးအောင်တိုး

တရားရုံးချုပ် (မန္တလေး)နှင့် မန္တလေး၊ စစ်ကိုင်းတိုင်းအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံမှာကြား

အမှာစကားပြောကြား

တရားသူကြီးချုပ် ဦးအောင်တိုး တရားရုံးချုပ်(မန္တလေး)နှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ တရားသူကြီးများ၊ တရားရေး အရာရှိများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁

တရားသူကြီးချုပ် ဦးအောင်တိုးသည် တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ တရားရုံးတို့မှ တိုင်းတရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ၊ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားစီရင်ရေးဆိုင်ရာ တွေ့ဆုံပွဲအခမ်းအနားကို မေ ၃၀ရက် နံနက် ၁၁နာရီက တရားရုံးချုပ် (မန္တလေး) ရုံးခန်းအမှတ် (၁)၌ ကျင်းပသည်။

အခမ်းအနားသို့ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း တရားရုံးတို့မှ တိုင်းတရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ၊ မန္တလေး ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် စစ်ကိုင်းခရိုင် တရားရုံးများမှ ခရိုင်တရားသူကြီးများ၊ ဒုတိယ ခရိုင်တရားသူကြီးများ၊ အဆိုပါ ခရိုင်များအတွင်းရှိ မြို့နယ်တရားရုံးများမှ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ် တရားသူကြီးများ၊ ဒုတိယ မြို့နယ် တရားသူကြီးများနှင့် တရားရေး အရာရှိများ တက်ရောက်ကြသည်။

ဥပဒေနှင့်အညီဆောင်ရွက်

တွေ့ဆုံပွဲ၌ တရားသူကြီးချုပ် ဦးအောင်တိုးက အမှာစကားပြောကြားရာတွင် ပြည်သူများ ယုံကြည် လေးစားသည့် တရားစီရင်ရေးလုပ်ငန်းဖြစ်မြောက်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုရှောင်ကြဉ်ရေး၊ ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာရေးတို့သည် ထိရောက် ကောင်းမွန်သည့် အဖွဲ့အစည်းဖြစ်မြောက်လာရေးအတွက် အရေးပါသော အချက်များဖြစ်ကြောင်း၊ တရားရေးဝန်ထမ်းများသည် နိုင်ငံတော်နှင့် တရားရုံးအဆင့်ဆင့်အပေါ် သစ္စာရှိရှိ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အမှုများကို စစ်ဆေးစီရင်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်အပြင် ပြီးပြတ်သင့်သည့် အချိန်အတွင်း ပြီးပြတ်စေရမည်ဖြစ်ကြောင်း၊ တရားရုံး၏ အမိန့်များ ဆောင်ရွက်ချက်များ ကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းကိုလည်း ပြည်သူလူထု သိရှိ နားလည်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှုသည်များ၊ ပြည်သူများအပေါ် နားလည်မှုရှိရန်၊ လေးစားမှုရှိရန်လိုအပ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီ အင်္ဂလိပ်စာသင်တန်းဆင်းပွဲ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပ

ရန်ကုန် ဇွန် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)၏ ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာအခြေခံစကားပြောသင်တန်း (ပညာဒါန)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ အဆိုပါရုံးချုပ် စွယ်တော်ရိပ်ခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၏ ဇနီး ဒေါ်အေးအေးထူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူကလေးများက အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စွမ်းရည်ပြသခြင်း၊ တေးသီချင်းများသီဆိုခြင်း၊ သရုပ်ဖော်ဖျော်ဖြေခြင်း၊ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် နံရံကပ်စာစောင်များ ရေးသားခြင်းနှင့် ကာတွန်းများရေးဆွဲခြင်းတို့ ပါဝင်ဆောင်ရွက်ကြသည်။

ရှစ်ပတ်ကြာ

ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာအခြေခံစကားပြောသင်တန်း ပညာဒါနကို ဧပြီ ၂ရက်မှ မေ ၃၁ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၈၉ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

သုတပညာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖြူးမြို့နယ် ကင်ပွန်းခြုံကျေးရွာ၌ဖွင့်

ဖြူး ဇွန် ၁

ဖြူးမြို့နယ် လှသင်းမောင် ကျေးရွာအုပ်စု ကင်ပွန်းခြုံကျေးရွာ သုတပညာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးမိုးမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အခြားအလှူရှင် ၁၆ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၃၅၀ကိုလည်းကောင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမိုးမြင့်က နေ့စဉ်ထုတ်သတင်းစာကို လစဉ်အလှူရှင်အဖြစ်လည်းကောင်း လှူဒါန်းကြသည်။

ဆောက်လုပ်

အဆိုပါစာကြည့်တိုက်အဆောက်အအုံ အမျိုးအစားမှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၅ပေဖြစ်သည်။ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅သိန်းဖြစ်ပြီး ပြည်သူများ ထည့်ဝင်ငွေများဖြင့် စုပေါင်းဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုမောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမှာပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့်ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့်တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

သတိပေးနိုးဆော်

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၊ မန္တလေးတိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးနှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ယောနယ် ဇာဟောချောင်းနံဘေးက စိုက်ခင်းအလှ

သတင်းမြင်ကွင်း - ကလေးဝင်းသူ ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ဂန့်ဂေါ ဇွန် ၁

ယောနယ်သို့ ရောက်ခဲ့ရပြန်ချေပြီ။ စိုက်ပျိုးဖြစ်ထွန်းနေသော သီးနှံမျိုးစုံစိုက်ခင်းများကို လေ့လာရန်ဖြစ်သည်။ အထူးသဖြင့် ဇာဟောချောင်း....။

အကျိုးရှိစွာ

ဇာဟောချောင်းအနီး ရောက်ရှိချိန်၌ သဘာဝ ရေစကက်မောင်းသံကို ကြားရသည်။ လှမ်းကြည့်လိုက်သည့်အခါ ရေစကက်မောင်းတံကြီး၏ ရဟတ်ချားသည် နံနက်ခင်း နေရောင်ခြည်တွင် တဖျပ်ဖျပ် လည်ပတ်နေ၏။ ထိုရေစကက်မောင်းတံက ရေအားဖြင့် ရွာသို့ လျှပ်စစ်မီး သွယ်တန်းထားသည်။ အနီးသို့ သွားကြည့်သောအခါ ရေစကက်မောင်းတံအသုံးပြု ရေအားလျှပ်စစ်ဖြင့် ဘက်ထရီအိုးများ အားသွင်းထားသည်ကို တွေ့ရသည်။ ထို့ပြင် ရေအားလျှပ်စစ်ဖြင့် ဆန်ဖွပ်၊ မောင်းထောင်းနေသည်ကို တွေ့ရသည်။ ဇာဟောချောင်း၏ ရေအားကို အကျိုးရှိစွာ အသုံးချနေခြင်းပင် ဖြစ်သည်။

ဇာဟောချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသော ဝါးတံတားလေးပေါ်တွင် ဇာဟောသူအချို့ ဖြတ်သန်းသွားသည်ကို လှမ်းမြင်ရ၏။

ဝါးတံတားလေးအထက်ရောက်တော့ စိမ်းလန်းနေသော ကြက်သွန်ခင်းများ၊ ဖြူဖွေးလှပနေသော မေမြို့ပန်းများ၊ နီရဲနေသော မေမြို့ပန်းခင်းကြီးများနှင့် သေးသွယ်သွယ်သီးနေကြသည့် ရွှေအပ်ငရုတ်သီးများကို တွေ့ရသည်။

ကြက်သွန်ခင်း

ဂန့်ဂေါမြို့နယ်ရှိ ဇာဟောချောင်းရေဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ဇာဟောချောင်းကမ်းဘေးက ကြက်သွန်ခင်းများ။

နွေဦးသစ်စ ဆောင်းကုန်စ နေရောင်ခြည်သည် ဇာဟောချောင်း ကမ်းဘေး ဝဲယာရှိ စိုက်ခင်းများပေါ်သို့ ဝဲဖြာကျလျက်ရှိ၏။ နေရောင်တွင် ရွှေရောင်တောက်နေသည်က ရွှေအပ်ငရုတ်သီးများ။

အောင်မြင်ဖြစ်ထွန်း

တစ်နေရာတွင် ဇာဟောရွာသားများ ဇာဟောချောင်းမှ ရေစုပ်စက်ဖြင့် ရေတင်၍ ခရမ်းချဉ်ပင်များကို ရေသွင်းနေသည့် မြင်ကွင်းများ တွေ့နေရသည်။ ချောင်းရေကို အကျိုးရှိစွာ အသုံးချနိုင်သဖြင့် စိုက်ပျိုးသီးနှံ အောင်မြင်ဖြစ်ထွန်းမှု အကျိုးကို လက်တွေ့ ခံစားနေကြရပြီဖြစ်သည်။

သီးကြ မှည့်ကြ

နှစ်စဉ် နှစ်တိုင်း ဇာဟောချောင်း ကမ်းဘေးတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြသည်။ မြေပဲနှင့် ဖရဲကို သီးညှပ် စိုက်ပျိုးကြ၏။ မြေပဲနှင့် ဖရဲသိမ်းပြီးလျှင် ငရုတ်နှင့် ခရမ်းချဉ်ကို စိုက်၏။ ယခု ငရုတ်စိုက်ခင်းမှာ သီးနေပြီ။ နွေခရမ်းချဉ်ခင်းမှာ တစ်လသားအပင် ရနေကြပြီ။ မကြာမီ ခရမ်းချဉ်သီးတို့ ရဲရဲထွက်ထွက်နီအောင် သီးကြ မှည့်ကြတော့မည်။

သွားရောက်ရောင်းချ

ဇာဟောချောင်းဘေး ဝဲယာ၌ ဇာဟောရွာသူ ရွာသားများက ဖရဲ၊ မြေပဲ၊ ဘူး၊

ဖြစ်ထွန်းအောင်မြင်

ဇာဟောရွာ ဇာဟောချောင်းကမ်းဘေးတွင် ဖြစ်ထွန်းအောင်မြင်နေသော ပန်းပင်များ။

ဖရုံ၊ သခွား၊ ကြက်သွန်၊ ပန်းမုန်လာ၊ မုန်လာ၊ မေမြို့ပန်းတို့ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြသည်။ ထွက်ရှိလာသော သီးနှံများကို ဂန့်ဂေါမြို့မဈေးကြီးသို့ သွားရောက်ရောင်းချကြသည်။

ဖလှယ်

ယခင်က ဂန့်ဂေါမှာ ဈေးမရှိခဲ့။ ယခုတော့ ဂန့်ဂေါမြို့မဈေး၊ အားကာဈေး၊ အခွန်လွတ်ဈေးတို့ဖြင့် စည်ကားနေသည်။ ဂန့်ဂေါမြို့ နံနက်ခင်း မြို့မဈေးကြီးသည် သီးနှံဈေးကြီးဖြစ်၏။ ဂန့်ဂေါမြို့အနီးရှိ ပျား၊ ရှောက်ပင်၊ မကျည်းခင်၊ အနောက်ဂန့်ဂေါ၊ ရွှံးရှိ၊ ဇာဟော၊ လုံဟော၊ လာပို့၊ စိုင်ဒူးနှင့် ရွာစည် စသည့် ကျေးရွာများထွက် သီးနှံများ ရောင်းဝယ် ကုန်ဖလှယ်ကြသော နေရာဖြစ်သည်။

အလှမြင်ကွင်း

ဇာဟောချောင်း ကမ်းဘေးတစ်လျှောက်ရှိ လှပဝေဆာ အလှဖြာနေသော မေမြို့ပန်းခင်းများ၊ ကြက်သွန်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။ စိုက်ပျိုးဖြစ်ထွန်းနေမှု အလှမြင်ကွင်းများပင်....။

တစ်နေရာတွင် ကြက်သွန်ခင်းကို ရေဖျန်းပုံးကြီးနှစ်ပုံးလွယ်၍ ရေဖျန်းနေသော ဇာဟောသား ဖနီးမောင်နှံ နှစ်သွယ်ကို တွေ့ရ၏။

ဇာဟောချောင်းထိပ် ကမ်းပါးပေါ် ရောက်တော့ ဇာဟောချောင်းထဲ သမင်လည်ပြန် ကြည့်မိပြန်သည်။ ဇာဟောချောင်းရေကား တသွင်သွင်စီးနေ၏။

အမြင်ဆန်း

ဇာဟောချောင်းကား သောက်သုံးရေကိုလည်းပေး၏၊ ချိုးရေကိုလည်း ပေး၏၊ သီးနှံစိုက်ခင်းတွေကိုလည်း ဖြစ်ထွန်းစေ၏။ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပေးနေသည့် ယောနယ် ဇာဟောချောင်းရေ ကောက်သီးနှံစိုက်ခင်းများကား ယောနယ်အလှကို ဆေးရောင်စုံပန်းချီကား တစ်ချပ်နှယ် အမြင်ဆန်းလျက် ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၅၀ ၁၁။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **Germany Vs Algeria**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၅။ Mail Box
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၇)
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၃)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ရယ်ရွှင်စရာ ဟာသပဒေသာ **ပေါက်တယ်နော် ပေါက်ပါတယ်** (ဇာတ်သိမ်းပိုင်း) မိုးခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ဆုပန်ထွာ၊ ရီရီပွင့်ဖြူ၊ နိုင်းယှဉ်မြင့်မိုရ် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၁၂)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၁

ဂန့်ဂေါ၌ အခြေခံစက်ချုပ်ပညာသင်တန်းဖွင့်

ဂန့်ဂေါမြို့ အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အခြေခံစက်ချုပ်ပညာသင်တန်း ဖွင့်ပွဲကို မေ ၅ရက် နံနက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ကျင်းပရာ ဂန့်ဂေါ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၂ ဦးတို့ တက်ရောက်ကြသည်။ (၀၇၁)

ပုလဲ၌ ကွန်ကရစ်တံတားတည်ဆောက်မှု လုပ်အားဒါနပေးလှူ

ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လယ်ဝေါက်-ချင်ပြစ် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကိုယ့်အားကိုယ်ကိုးတည်ဆောက်နေသည့် ရွှေဆံပင်ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မေ ၁၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်း၍ လုပ်အားဒါန ပေးလှူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကောင်းခါးမြို့ ဂျွန်ပေါလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ် အတွင်း ဂျွန်ပေါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၁၂ ရက်က အဆိုပါလမ်းထိပ်၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဟားခါးမြို့၌ ရေမြောင်းများ ဖောက်လုပ်

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ချယ်ရီလမ်းနှင့် အထက(၃)သွား လမ်းတစ်လျှောက် ရေကောင်းမွန်စွာ စီးဆင်းနိုင်ရန် ရေမြောင်းများ စနစ်တကျ ဖောက်လုပ်ဆောင်ရွက်နေမှုကို မေ ၁၀ရက်က ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် ဈေးသစ်ရပ်ကွက်ဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ *(ပြည်နယ် ပြန်/ဆက်)*

ဖားကန့်စည်ပင် ဆန်ခါတံတားတည်ဆောက်ရန်တိုင်းတာ

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ဆန်ခါတံတား တည်ဆောက်ရန် တိုင်းတာခြင်း လုပ်ငန်းကို မေ ၃ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဝင်းတို့ကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုဦးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျွန်းလှ၌ကျင်းပ

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် မိုးသီးနှံစီမံကိန်း တာဝန် ပေးအပ်ပွဲကို မေ ၂၀ရက် နံနက် ၁၀နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ခုနှစ် မိုးသီးနှံ စီမံကိန်း တာဝန်များကိုပေးအပ်ရာ စခန်းနယ်မြေ လေးခုကိုယ်စား ကျေးရွာဥက္ကဋ္ဌ များက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနား၌ တိုင်းရင်းဆေးအသိပညာပေးဟောပြော

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အာလမ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်သူဇာမြင့် ဦးဆောင်၍ ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ဆေးဖက်ဝင်အပင်များ အသုံးဝင်ပုံနှင့် ဆောင်ရန်၊ ရှောင်ရန်များကို မေ ၁၀ရက်က တိုင်းရင်းဆေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ *(ခရိုင် ပြန်/ဆက်)*

ကောလင်းစည်ပင် သောက်သုံးရေဖူလုံရေး စက်ရေတွင်းတူးဖော်

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မော်လီဌွေးတို့အဖွဲ့သည် ကောလင်းမြို့နယ် ချောင်းကွေ့ကျေးရွာတွင် မေ ၁ရက်က အနက်ပေ ၄၀၀ရှိ တွင်းနက်စက်ရေတွင်း တူးဖော်မှုကို စစ်ဆေးကြသည်။ **(၀၃၂)**

စစ်ကိုင်း၌ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို မေ ၁၉ရက်က စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းမြို့နယ် ဥက္ကဋ္ဌ ဦးအောင်မိုးက အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးက စီမံကိန်းဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။ *(ခရိုင် ပြန်/ဆက်)*

နတ်မောက်၌ မီးသတ်ရေသယ်ယာဉ် လွှဲပြောင်းပေးအပ်

နတ်မောက်မြို့နယ် ပြည်သူများအလှူငွေဖြင့် ပြုပြင်ပြီးဖြစ်သော ရေဂါလန် ၁၀၀၀ဆံ့ မီးသတ်ရေယာဉ်အား မြို့နယ်မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းကိုက အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးညဏ်ရှိန်က ရေသယ်ယာဉ်ပြုပြင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုထံ လွှဲပြောင်းပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

2-6 (07).pmd 1 6/2/2010, 1:52 AM

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၀-၂၀၁၄) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲနှင့်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၀-၂၀၁၄) အလုပ်ရုံဆွေးနွေးပွဲ (Disseminution Workshop on National Five Year Strategic Plan for Child Health Development) (2010-2014) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သားဖွားနှင့် မီးယပ်ပညာဌာန၊ ကလေးရောဂါပညာဌာနနှင့် ဆေးတက္ကသိုလ်များမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနတို့မှ ပါမောက္ခဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ အကြံပေးပုဂ္ဂိုလ် Dr. Neena Raina၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Professor Osamu Kunii၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ကလေးကျန်းမာရေး ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းများကို ချမှတ်လျက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၀ခုနှစ်မှစတင်၍ အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် သိသိသာသာ ကျဆင်းလျက်ရှိသော်လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပိုမိုအားထုတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု၏ သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးဖြစ်သောကြောင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအားစိုက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွေးကင်းစကလေး သေဆုံးမှုကျဆင်းရေးအတွက် မွေးပြီး နှစ်ရက်အတွင်း အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ရန်လိုကြောင်း၊ ယခုရေးဆွဲသည့် ၂၀၁၀-၂၀၁၄ ကလေးကျန်းမာဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ဖော်ပြပါရှိသော အိမ်တိုင်ရာရောက် မွေးကင်းစ ကလေးကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် အခြေခံ မွေးကင်းစ ကလေးစောင့်ရှောက်မှု၊ ငါးနှစ်အောက် ကလေးသေဆုံးရသည့် အကြောင်းအရာများအနက် အဓိကအကြောင်းအရင်းဖြစ်သော နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျှောများကို ပြုစုကုသခြင်း၊ အသက်ငါးနှစ်အောက် ကလေးသေဆုံးခြင်း ကျဆင်းရေးတွင် အရေးပါသည့် မိသားစုနှင့် ပြည်သူလူထုအတွင်း လိုက်နာကျင့်သုံးသင့်သော ကျန်းမာရေး အလေ့အထကောင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးစေရေးတို့ကို ဦးစားပေးလုပ်ငန်းရပ်အဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကလေးကျန်းမာဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄တွင် ဖော်ပြပါရှိသည့် ရည်မှန်းချက်၊ ဦးတည်ချက်တို့ကို ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် ကလေးကျန်းမာရေး ဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၄အား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ အကြံပေးပုဂ္ဂိုလ် Dr. Neena Raina နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Professor Osamu Kunii တို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို နံနက် ၁၀နာရီတွင် Mount Pleasant Hotel ဇမ္ဗူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက Process of Development of National Five Year Stratgic Plan for Child Health Development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာတင်ဝင်းကျော်က What are the Rew for National Child Health Strategic Plan (2010-2014) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့် ကလေး ကျန်းမာရေး ဖွံ့ဖြိုးရေးဌာနစိတ်) ဒေါက်တာမြင့်မြင့်သန်းက Five Year Strategic Plan for Child Health Development (2010-2014) ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှစ၍ ဇွန် ၂ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝက်ဘ်ဆိုက်မှ ဂြိုဟ်တုဓာတ်ပုံ ရယူအသုံးပြုပုံ လက်တွေ့အသုံးချနည်းသင်တန်း ပို့ချမည်

နေပြည်တော် ဇွန် ၁

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံချက်များအတွက် GIS(Geographic Information Systems) ပထဝီသတင်းအချက်အလက်မြေပုံစနစ် (သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက်မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်။

သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ရာခိုင်နှုန်းလျှော့၍လည်းကောင်း၊ နယ်မှလာတက်သော သင်တန်းသားများအတွက် သင်တန်းကြေးကို ၄၀ရာခိုင်နှုန်းလျှော့၍လည်းကောင်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇွန် ၅၊ ၆၊ ၁၂နှင့် ၁၃ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e- Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ လေးရက်ကြာ) ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info Tech ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆တို့သို့ ဆက်သွယ်စုံစမ်း အပ်နှံနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကံထူးရှင် ထွက်ပေါ်

ရန်ကုန် ဇွန် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ (၂၅၇)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း(၁၀၀၀)ဆု

က-၅၅၅၈၂၃

ကျပ်သိန်း(၅၀၀)ဆု

ဍ-၄၈၇၈၆၄

ကျပ်သိန်း(၃၀၀)ဆုများ

ဒ-၆၇၂၅၀၆၊ စ-၃၉၄၉၅၄

ကျပ်သိန်း(၂၀၀)ဆုများ

ည-၂၀၃၉၇၄၊ ဃ-၄၈၉၇၄၄
ဖ-၆၉၉၀၈၃၊ ဆ-၂၉၉၆၁၄
ဏ-၈၅၄၁၀၃

ကျပ်သိန်း(၁၀၀)

(မင်္ဂလာစုံတွဲစနစ်)ဆုများ

ဆ-၈၀၂၇၄၉၊ င-၈၀၁၅၁၁
ပ-၇၁၃၃၃၉၊ ဓ-၇၂၃၆၉၂
ဍ-၆၁၆၀၄၅၊ င-၉၅၅၁၂၅
ဍ-၃၉၃၅၄၄၊ ခ-၅၆၇၅၆၇
ဋ-၆၄၄၇၅၆၊ ဍ-၁၆၉၅၀၇
ည-၁၂၂၈၂၂၊ ဓ-၇၅၂၀၆၄
ဓ-၂၅၇၁၈၂

ပန်းကလေးတွေ မွှေးပါစေ

○ မိုးဥတုမှာ၊ နိုးထလာ၍
ဆောင်းမှာနှဲ့ယိမ်း၊ နှင်းရည်လိမ်းလျက်
စိမ်းလဲ့သစ်လွင်၊ နွေခါတွင်လည်း
အသွင်မညှိုး၊ အယဉ်တိုးကာ
လှမျိုးစုံလင်၊ ပြစ်ကင်းစင်သည်
ဥယျာဉ်ထဲက ပန်းကလေးများ။

○ ပန်းကလေးတို့၊ ဂုဏ်မချို့ဘဲ
စိမ်းညို့ဝေဖြာ၊ ပွင့်ဖူးပါမှ
အနာဂတ်ရေး၊ ဒို့ပြည် အေးလိမ့်။

○ ပန်းကလေးတွေ၊ ရနံ့ဝေမှ
ဒို့မြေသန့်ရှင်း၊ ရန်မျိုးကင်းလျက်
အလင်းရောင်ဖြာ၊ ဒို့ပြည်သာလိမ့်။

○ ပန်းကလေးများ၊ ဖူးတံကြွားလျက်
ချိုပျားရသာ၊ ဝတ်ရည်ဖြာမှ
မျက်နှာမငယ်၊ ကမ္ဘာ့အလယ်၌
တင့်တယ်ရွှန်းပ၊ ဒို့ပြည်လှလိမ့်။

○ သြော်.... အ အာ အိ အီ၊ အစချီလျက်
အေ ဘီ စီ ဒီ၊ အီး အက်ဖ် ဂျီနှင့်
စုံညီနှုတ်က၊ ရွတ်ဆိုကြရင်း
တက်ကြွလန်းရွှင်၊ ပန်းဥယျာဉ်ဝယ်
ရင်သွေးမာလာ၊ ရတနာတို့
နံ့သာမွှန်ဖူး၊ ဝတ်ရည်ဦးနှင့်
တင့်မြူးလှပ၊ ရှိစေကြဖို့
မိဘဆရာ၊ ညီညွတ်စွာဖြင့်
ကြင်နာယုယ၊ ပြုစုကြ၍
မြေဆွပေါင်းသင်၊ လက်ဦးပြင်သည့်
ဥယျာဉ်မှူးများ၊ မေတ္တာအားကြောင့်
ဝင့်ကြွားထုံလန်း၊ ဥယျာဉ်နန်းဝယ်
ပန်းကလေးတွေ မွှေးပါစေ။
မိမြန်ပြည်၏ ကျက်သရေ။ ။

မြင်းမှူမောင်နိုင်မိုး

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ် (၁၁) ထွက်နေပြီ

ရန်ကုန် ဇွန် ၁

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ် (၁၁)ကို ဇွန် ၁ရက်တွင် ထုတ်ဝေလိုက်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဝန်းရံခ၏ ပွဲဦးထွက်အောင်ပွဲ၊ မျှော်မှန်းသည့်ပန်းတိုင် စပါးအတွက် ကောက်ကွက်မှန်သည့်သော့ချက်၊ တောင်သူဦးကြီးများအတွက် သဘာဝရွက်ဖျန်း ဘိုင်ဘိုအော်ဂဲနစ် မြေဆီအားတိုးဆေး၊ ဝင်ငွေတိုးဖို့ ပဲစင်းငုံနှင့် နှမ်းလျှင်ကို သီးညှပ်စိုက်ပျိုးစို့၊ မင်းကွတ်ပင်အကြောင်း တစေ့တစောင်းစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရေချိုပုစွန်တုပ်ကြီးများ အစာနှင့် အစာကျွေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ တန်ဖိုးကြီးမား ကျေးလက်ရေထွက်ကုန်ပစ္စည်းများ၊ ဝက် စောစောသားခွဲခြင်းအကျိုး၊ သိုးများတွင်ဖြစ်ပွားတတ်သော ရောဂါများကာကွယ်ခြင်းနှင့် ကုသခြင်း စသည့် မွေးမြူရေးဆောင်းပါးများ၊ သွေးလွန်တုပ်ကွေးကာကွယ်ပေး၊ မိုးဦးလေဦး ရာသီကူးအထူးသတိပြု၊ မျှမျှတတ အာဟာရ၊ လူငယ်များ အလေးထားရမည့် မျိုးဆက်ပွားကျန်းမာရေး၊ သတိထားရမည့် အိမ်သုံးဆေးသုံးစွဲမှုများ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာတော့မည်၊ အမွန်မြတ်ဆုံး ပညာဒါနအလှူ စသည့် အသိပညာပေး သုတရသဆောင်းပါးများ၊ လက်ဘနွန်နိုင်ငံအကြောင်း သိကောင်းစရာ၊ ဗဟိုအာရှတွင် နျူလက်နက်ကင်းမဲ့ရေးဇုန် ထူထောင်မည်၊ ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေကောင်းများ ၂၀၁၀ခုနှစ်တွင် ပိုမိုတိုးတက်လာမည် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုအလှတေးသံများနှင့် ပီပြင်သောသရုပ်ဆောင်မှုများဖြင့် ပရိသတ်၏နှလုံးသားကို ရယူနိုင်ခဲ့သည့် အဆိုတော် သရုပ်ဆောင် အကယ်ဒမီချိုပြုံးနှင့် တွေ့ဆုံခြင်း စသည့်အနုပညာသတင်းများ၊ မြွေဖမ်းလို့ပေးခဲ့ပါ့မယ် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၅) ဖွင့်မည်

နေပြည်တော် ဇွန် ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံး)တွင် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၃၅)ကို ဇွန် ၁၄ရက်မှ ဇူလိုင် ၂ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် အဆိုပါရုံး ဒုတိယထပ် သင်တန်းခန်းမ၌ သွားရောက်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

(စီးပွား/ကူးသန်း)

○ *ကျော့ဖုံးမှ*

ထည့်သွင်းထား

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ ထူးခြားသော ကဏ္ဍတစ်ခုမှာ "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များ ကဏ္ဍ" (Urban Best Practices Area) ဖြစ်သည်။ ကုန်စည်ပြပွဲတွင် ပါဝင်ပြသကြသော နိုင်ငံများမှ မြို့ကြီးများအနေဖြင့် သီးသီးသန့်သန့် ပြသနိုင်စေရန် ယင်းပြကွက်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ကုန်စည်ပြပွဲ၏ ဦးတည်ချက်ဖြစ်သော "ပိုမိုတိုးတက်လာသော မြို့ကြီး၊ ပိုမိုမြင့်မားလာသော လူနေမှုဘဝ" (Better City, Better Life) ဆောင်ပုဒ်နှင့်အညီ အထူးကဏ္ဍအဖြစ် အဆိုပါကဏ္ဍကို ဖော်ထုတ်ထားသည်။

ကမ္ဘာ့ကုန်စည်ပြပွဲ သမိုင်းတွင် "မြို့ပြ အကောင်းဆုံးလူနေမှု ကျင့်စဉ်များကဏ္ဍ"ကို ထည့်သွင်း

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ပြသသည့် ... တွေ့ရစဉ်။



...လေးတွေ မွှေးပါစေ
...နှီးထလာ၍
...ယိမ်း၊ နှင်းရည်လိမ်းလျက်
...လွင်၊ နွေခါတွင်လည်း
...၊ အယဉ်တိုးကာ
...၊ ပြစ်ကင်းစင်သည်
...ာ ပန်းကလေးများ။
...တို့၊ ဂုဏ်မချို့ဘဲ
...ဖြာ၊ ပွင့်ဖူးပါမှ
...း၊ ဒို့ပြည် အေးလိမ့်။
...တွေ၊ ရန့်ဝေမှ
...င်း၊ ရန်မျိုးကင်းလျက်
...င်ဖြာ၊ ဒို့ပြည်သာလိမ့်။
...များ၊ ဖူးတံကြွေးလျက်
...၊ ဝတ်ရည်ဖြာမှ
...ယ်၊ ကမ္ဘာ့အလယ်၌
...နီးပ၊ ဒို့ပြည်လှလိမ့်။
...အ အာ အိ အီ၊ အစချီလျက်
...ဒီ၊ အီး အက်ဖ် ဂျီနှင့်
...၊ ရွတ်ဆိုကြရင်း
...န်းရှင်၊ ပန်းဥယျာဉ်ဝယ်
...လာ၊ ရတနာတို့
... ဝတ်ရည်ဦးနှင့်
...၊ ရှိစေကြဖို့
...သီညွှတ်စွာဖြင့်
...ပ၊ ပြုစုကြ၍
...းသင်၊ လက်ဦးပြင်သည့်
...များ၊ မေတ္တာအားကြောင့်
...လန်း၊ ဥယျာဉ်နန်းဝယ်
...တွေ မွှေးပါစေ။
...၏ ကျက်သရေ။ ။

မြင်းမှူမောင်နိုင်မိုး

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၇/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၇/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်္ဂလာရပ်၊ လမ်းမတော်လမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၇) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၈/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ
Rakhine Nationalities Development Party (RNDP) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ လမ်းမတော်(တောင်)ရပ်ကွက်၊ ခေါင်းလောင်းကျောင်းလမ်း၊ အမှတ်(လမ/၄၁၄) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP) အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP) ၏ မှတ်ပုံတင်အမှတ်မှာ (၂၈) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

...နေပြီ

○ *ကျောဖုံးမှ*

ထည့်သွင်းထား

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ ထူးခြားသော ကဏ္ဍတစ်ခုမှာ "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များ ကဏ္ဍ" (Urban Best Practices Area) ဖြစ်သည်။ ကုန်စည်ပြပွဲတွင် ပါဝင်ပြသကြသော နိုင်ငံများမှ မြို့ကြီးများအနေဖြင့် သီးသီးသန့်သန့် ပြသနိုင်စေရန် ယင်းပြကွက်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ကုန်စည်ပြပွဲ၏ ဦးတည်ချက်ဖြစ်သော "ပိုမိုတိုးတက်လာသော မြို့ကြီး၊ ပိုမိုမြင့်မားလာသော လူနေမှုဘဝ" (Better City, Better Life) ဆောင်ပုဒ်နှင့်အညီ အထူးကဏ္ဍအဖြစ် အဆိုပါကဏ္ဍကို ဖော်ထုတ်ထားသည်။

ကမ္ဘာ့ကုန်စည်ပြပွဲ သမိုင်းတွင် "မြို့ပြ အကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ"ကို ထည့်သွင်းခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်သည်။ ယခင် ကုန်စည်ပြပွဲများတွင် နိုင်ငံအလိုက် (သို့မဟုတ်) နိုင်ငံတကာအဖွဲ့အစည်းအလိုက်သာ ပြသခဲ့ကြသော်လည်း မြို့အလိုက် ခင်းကျင်းပြသမှု မရှိခဲ့ပေ။

အတွေ့အကြုံချင်းဖလှယ်

ယနေ့ကာလ ကမ္ဘာတစ်ဝန်း မြို့ပြထူထောင်မှု (Urbanization) လုပ်ငန်းများ ဒီရေအလား တရိပ်ရိပ် တိုးလာချိန်တွင် မြို့ကြီးများ၏ လူနေမှုဘဝတိုးတက်မှုအခြေအနေကို ပြသရန် ရှန်ဟိုင်းကုန်စည်ပြပွဲက ဦးတည်သည်။ မြို့ပြဆိုင်ရာ တည်ဆောက်မှု၊ မြို့ပြဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ ကမ္ဘာ့မြို့ကြီးများ အတွေ့အကြုံချင်း ဖလှယ်နိုင်စေရန် ဖော်ပြပါကဏ္ဍကို ထည့်သွင်းထားကြောင်း ကုန်စည်ပြပွဲကျင်းပရေးဗျူရို တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ပြသသည့် စပိန်ပြခန်းဆောင်ကို တွေ့ရစဉ်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ကမ္ဘာ့မြို့ကြီး ၅၀ခန့်က ပါဝင်ပြသရန် နိုင်ငံတကာ ရွေးချယ်ရေးကော်မတီတစ်ရပ်က ရွေးချယ်ပေးခဲ့သည်။

တည်ဆောက်ထား

"မြို့ပြ အကောင်းဆုံးလူနေမှုကျင့်စဉ်များကဏ္ဍ"တွင် ပြသသည့် ပြခန်းများကို မြေနေရာ အကျယ်အဝန်း ၀ ဒသမ ၁၅ စတုရန်းကီလိုမီတာတွင် တည်ဆောက်ထားသည်။ပြခန်းဆောင် ၃၄ခုနှင့် လက်ဝေခံအဆောက်အအုံများကိုတွေ့ရသည်။ ရှန်ဟိုင်းမြို့ဟောင်း ပူရှီးဒေသရှိ "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များကဏ္ဍ" ပြခန်းဆောင်များမှာ ဇုန် (င)တွင် တည်ရှိပြီး ကြမ်းခင်းဧရိယာ ၁၅ဟက်တာရှိကြောင်း တာဝန်ရှိသူက ရှင်းပြသည်။

သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်နိုင်ရန် လူသားတို့ ကြိုးပမ်းနေကြပုံကို ယင်းပြခန်းများက ဖော်ကျူးလျက်ရှိသည်။

အနာဂတ်ကာလ မြို့ပြလူနေမှုဘဝ၏ပုံစံကို ပြသနိုင်ရန် "မြို့ပြအကောင်းဆုံး လူနေမှုကျင့်စဉ်များကဏ္ဍ"တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာသစ်များကို အသုံးပြုထားကြောင်း ကုန်စည်ပြပွဲ ညှိနှိုင်းရေးဗျူရိုက ပြောကြားသည်။

ပြခန်း ဧရိယာတစ်ခုမှာ စက်ရုံအဆောက်အအုံဟောင်းများကို ပြန်လည်မွမ်းမံကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသော အဆောက်အအုံသစ်များအဖြစ်သို့ ပြောင်းလဲထားသည်။

တရုတ်နိုင်ငံရှိ ချန်ဒူးမြို့ကို ကိုယ်စားပြုလျက် ခင်းကျင်းပြသသော "ချန်ဒူးဇလဥယျာဉ်" (Chengdu Living Water Park) သည် မြို့ပြဒေသအတွင်းတည်ဆောက်သော ဂေဟစနစ် ဥယျာဉ် (Ecological Park) ဖြစ်ပြီး သဘာဝမိုးရေ စုဆောင်းသည့်စနစ်၊ ရေဆိုးသန့်စင်သည့် စနစ်တို့ကို ပြသထားသည်။

ပြကွက်

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ကို ကိုယ်စားပြုသော ပြကွက်မှာ ဟမ်းဘတ်ပြခန်းဆောင် (Hamburg Pavilion) ဖြစ်ပြီး ယင်းပြခန်းဆောင်၏ အခန်းအပူချိန်မှာ ဥတုရာသီမရွေး ၂၅ ဒီဂရီစင်တီဂရိတ် ဝန်းကျင်တွင် ထိန်းထားသည်။ လေအေးပေးစက်၊ လေပူပေးစက်တို့ကို အသုံးပြုရန် မလိုအပ်ဘဲ အခန်းအပူချိန်အား ထိန်းညှိပေးနိုင်သောစနစ်ကို ဖော်ထုတ်ပြသသည်။ ယင်းပြခန်းဆောင်၏ စွမ်းအင်သုံးစွဲမှုမှာ သာမန်အဆောက်အအုံတစ်လုံးက အသုံးပြုရန်လိုအပ်သော စွမ်းအင်ပမာဏ၏ ၁၀ရာခိုင်နှုန်းမျှသာရှိသည်ဆို၏။ အနာဂတ်ကာလတွင် ဂျာမနီနိုင်ငံ၌ အလားတူ အိမ်ရာများကို စီမံကိန်းချ၍ တည်ဆောက်လာမည် ဖြစ်သည်။

စပိန်နိုင်ငံ မဒရစ်မြို့ကို ကိုယ်စားပြုသော ပြကွက်မှာ မဒရစ်ပြခန်းဆောင် (Madrid Pavilion) ဖြစ်သည်။ ယင်းပြခန်းဆောင်ကို ဝါးဖြင့် တည်ဆောက်ထားပြီး နေစွမ်းအင် ထုတ်ယူရေး ကိရိယာများကို တပ်ဆင်ထားသည်။ မဒရစ်မြို့တော်ကောင်စီက အကောင်အထည်ဖော်မည့် အိမ်ရာစီမံကိန်းတစ်ရပ်အဖြစ် ခင်းကျင်းပြသထားသည်။

မက္ကာပြခန်းဆောင်

မက္ကာပြခန်းဆောင် (Mecca Pavilion) မှာမူ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘာသာရေးအရ အထွတ်အမြတ်ပြုသော မက္ကာမြို့ကို ကိုယ်စားပြုသည်။ ၄စတုရန်းကီလိုမီတာ ဧရိယာအတွင်း လူသုံးသန်း တည်းခိုနေထိုင်နိုင်သော ရွက်ဖျင်တဲ အဆောက်အအုံများအား သဘာဝပတ်ဝန်းကျင် မပြတ် တည်ဆောက်နိုင်ပုံကို ပြသထားသည်။ မီးလောင်နိုင်ခြင်းမရှိသည့်အပြင် လေပြင်းတိုက်မှုဒဏ်ကိုခံနိုင်ပြီး ရေတိုက်စားမှုမှ ရှောင်လွှဲနိုင်သော အထူးရွက်ဖျင်ကို အသုံးပြုကာ တည်ဆောက်ထားသည်။ ယင်းရွက်ဖျင်တဲ၏ သက်တမ်းမှာ ၂၅နှစ်အထိရှိကြောင်း သိရသည်။

မေ ၃၁ရက်က ရှန်ဟိုင်းကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်မှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက် ကပြကြစဉ်။

အနာဂတ်ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသုံး အဆောက်အအုံများကို ကမ္ဘာတစ်လွှား၌ တည်ဆောက်လာကြပေမည်။ "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များကဏ္ဍ" တွင် စူကျိုး(တရုတ်)ပြခန်းဆောင်၊ ဗင်းနစ် (အီတလီ) ပြခန်းဆောင်၊ လီဗာပူး (အင်္ဂလန်) ပြခန်းဆောင်၊ ကိုင်ရို (အီဂျစ်) ပြခန်းဆောင်၊ ဟန်ကျိုး (တရုတ်) ပြခန်းဆောင်၊ မွန်ထရီယယ် (ကနေဒါ) ပြခန်းဆောင်၊ ဇော်ပိုလို (ဘရာဇီး) ပြခန်းဆောင်၊ ဆိုးလ် (တောင်ကိုရီးယား) ပြခန်းဆောင် စသည့် ပြခန်းဆောင် အသီးသီးကို တွေ့မြင်ခဲ့ရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့မြို့ပြများ ထူထောင်မှုအရ ဦးဆောင်နိုင်ငံဖြစ်သည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၀၃၀ခုနှစ် အရောက်တွင် ကမ္ဘာ့မြို့ကြီး ငါးမြို့လျှင် တစ်မြို့မှာ တရုတ်နိုင်ငံ၌ရှိ လာမည်ဟု သိရသည်။ လက်ရှိနှုန်းအတိုင်း ဆက်လက် ဖြစ်ပေါ်မည်ဆိုပါက ၂၀၂၅ခုနှစ်အရောက်တွင် တရုတ်နိုင်ငံ၌ လူဦးရေ တစ်သန်းကျော် အထက်ရှိ မြို့ကြီးပေါင်း ၂၂၁မြို့ ရှိလာမည် ဖြစ်သည်။ ဥရောပနှင့် နှိုင်းယှဉ်လျှင် ဥရောပနိုင်ငံများ၌ အလားတူ မြို့ကြီးပေါင်း ၃၅မြို့သာ ရှိမည်ဖြစ်သည်။

ပြင်ဆင်လျက်

တရုတ်နိုင်ငံတွင် မြို့ပြများ ထူထောင်မှု လုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့်မားလာရာ မြေယာအရင်းအမြစ်များ ရှားပါးလာမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်လာမှုနှင့် လူမှုရေးအရ မညီမမျှဖြစ်မှုတို့မှ ရှောင်လွှဲနိုင်စေရန် အစိုးရက ပြင်ဆင်လျက်ရှိနေချိန်တွင် ရှန်ဟိုင်းကုန်စည်ပြပွဲ၌ "မြို့ပြ အကောင်းဆုံး လူနေမှုကျင့်စဉ်များကဏ္ဍ" ကို ခင်းကျင်းပြသခြင်းဖြစ်သည်ဟု မြန်မာသတင်းအဖွဲ့က အလေးမူမိပါသည်။ ။

မွန်ပြည်နယ် သထုံခရိုင်က ရေလှောင်တမံနှင့် ရေထိန်းတံခါးများကြောင့် လယ်မြေဧက ၁၀၀၀၀ ၌ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးနိုင်ကြပြီ

သတင်းခရီးသည်-ကျော်စိန်
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁

စပါးအပါအဝင် စီးပွားကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာ၌ သဘာဝဘေးအန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်ရန် ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းနှင့် စီမံကိန်းလျာထားချက်အတိုင်း သီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေရန် ရေလှောင်တမံများ တည်ဆောက်ခြင်း ဆောင်ရွက်ပေးလျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး တည်ဆောက်ရေး(၆) ဆည်မြောင်းဦးစီးဌာန သထုံမြို့ဆီသို့ မြန်မာ့အလင်းသတင်းအဖွဲ့ မကြာမီက ခရီးဆိုက်ရောက်ခဲ့သည်။ ရုံးစိုက်ရာဒေသမှာ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဝါးပါးရေလှောင်တမံအောက်ဘက် ဆည်မြောင်းဝင်းအတွင်း၌ တည်ရှိနေသည်။

"နွေစပါး စိုက်တာ ပိုမို အောင်မြင်ပါတယ်။"
ဦးအောင်မြင့်(လယ်သမား)
ဖြူဘကျေးရွာ။

ရေထိန်းတံခါးများ တည်ဆောက်

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးညွန့်ဌေးနှင့် တွေ့ဆုံရာ သထုံခရိုင်အတွင်း၌ ရေထိန်းတံခါးများ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြသည်။ "ဤရုံးကို ဖွင့်လှစ်ခဲ့ပြီးသည့် ခြောက်နှစ်တာ ကာလအတွင်း မွန်ပြည်နယ် သထုံခရိုင်အတွင်း ရေထိန်းတံခါးငါးခုနှင့် ရေလှောင်တမံတစ်ခု တည်ဆောက်ပြီးခဲ့ကြောင်း။ နောက်ထပ် ရေလှောင်ကန်ကြီးတစ်ခုကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့တွင် တည်ဆောက်နေသည်မှာလည်း ပြီးစီးလုနီးပါးဖြစ်ပါကြောင်း။ သထုံမြို့နယ်အပိုင် ရန်ကုန်-မော်လမြိုင်မီးရထားလမ်းအောက်ဘက်ရှိ ဖြူဘ၊ ကတွန်၊ ရွာတန်းရှည်၊ ရင်းငြိမ်တောင်၊ ကျုံထော်၊ သဲကုန်း စသည့် လယ်မြေကွင်းများသည် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်တည်ရှိသည့် ရေနက်ရေကြီးကွင်းများဖြစ်ကြောင်း။ မိုးရာသီတွင် ရွာသွန်းသော မိုးရေနှင့် ပင်လယ်ဒီရေမြင့်တက်ချိန်ဆုံတွေ့လျှင် လယ်မြေများ ရေလွှမ်းမှုနှစ်စဉ်ဖြစ်ပေါ်နေရကြောင်း။ ဒေသခံလယ်သမားများ စပါးစိုက်ပျိုးမှု တစ်ကြိမ်မက ဆောင်ရွက်ရသည့်အခါမျိုး ကြုံတွေ့ခဲ့ရကြောင်း။ ယင်းအတွက် ပင်လယ်ဒီရေငန်များ မဝင်ရောက်စေရေး တားဆီးရန်နှင့် မိုးရာသီ ရွာသွန်းသော ရေချိုများ ထိန်းသိမ်းထားနိုင်ရေးတို့အတွက် ရေထိန်းတံခါးများ တည်ဆောက်ရခြင်း ဖြစ်ကြောင်း" ရှင်းပြသည်။

အကျိုးပြု

အထက်ဘက်ရှိ ရေလှောင်တမံနှင့် အောက်ဘက်ရှိ ရေထိန်းတံခါးတို့ ပေါင်းစပ်ဆက်နွှယ်၍ လယ်မြေများ အကျိုးပြုပုံကို ဆက်လက်ရှင်းပြရာ၌ "မွန်ပြည်နယ် သထုံခရိုင်သည် နှစ်စဉ် မိုးရေချိန်လက်မ ၂၀၀ကျော် ရွာသွန်းသည့် ဒေသဖြစ်၍ မိုးစပါးအတွက် စိုက်ပျိုးရေကို ပူပင်စရာ မလိုကြောင်း။ ရွာသွန်းသော မိုးရေများကို မီးရထားလမ်း အထက်ဘက်ရှိ တောင်ပေါ်တွင် ကတိုက်ရေလှောင်တမံဖြင့် ထိန်းသိမ်းသိုလှောင်ထားပြီး တူးမြောင်းစနစ်ဖြင့် လိုအပ်လျှင် လိုအပ်သလို စိုက်ပျိုးရေပေးနိုင်ကြောင်း။ မီးရထားလမ်း အောက်ဘက်ရှိ လယ်မြေများမှာ နိမ့်/မြင့် မှတ် အနည်းငယ် သာကွာခြား၍ ရေနုတ်မြောင်းစနစ်ဖြင့် ကတိုက်ရေလှောင်တမံမှ ဆည်ရေပေးဝေပြီး ပင်လယ်ရေငန်များ မဝင်ရောက်စေရန် ရေထိန်းတံခါးများမှ တားဆီးပေးနိုင်သကဲ့သို့ မိုးရေများ ပိုလျှံလာလျှင်လည်း သီးနှံများ ရေမနစ်မြုပ်စေရန် ရေထိန်းတံခါးများမှ ရေများ ထုတ်ပစ်ခြင်းဖြင့် လယ်မြေ စိုက်ပျိုးရေးကို အောင်မြင်စေရန် အကျိုးပြုလျက်ရှိကြောင်း"။

"နွေရာသီတွင် ပင်လယ်ရေငန်များ မဝင်ရောက်စေရန် ရေထိန်းတံခါးများဖြင့် တားဆီးပိတ်ပင်ထားပြီး စိုက်ပျိုးရေ လိုအပ်လျှင် ကတိုက်ရေလှောင်တမံမှ တူးမြောင်း၊ ရေနုတ်မြောင်းတို့ဖြင့် လယ်မြေဧက ၁၀၀၀၀ကို စိုက်ပျိုးရေအလုံအလောက် ပေးဝေလျက်ရှိကြောင်း၊ တည်ဆောက်ပြီး ကတိုက်ရေလှောင်တမံနှင့် ဖိုက္ကရဲ ရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါး၊ ရင်းငြိမ်ရေထိန်းတံခါး၊ ဆိပ်ကျွန်း ရေထိန်းတံခါး၊ မရမ်းကုန်း ရေထိန်းတံခါးတို့မှ ဆက်နွှယ်ပေါင်းစပ်ကာ သထုံခရိုင်အတွင်း လယ်မြေများကို နွေစပါးဧက ၅၀၀၀နှင့် မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးနိုင်စေပြီဖြစ်ပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြင်တွေ့ရ

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ရွာ အထက်တစ်မိုင်ခွဲခန့်အကွာ ရင်းငြိမ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော ရင်းငြိမ်ရေထိန်းတံခါးသို့ သွားရောက်ခဲ့ရာတွင် အကျယ်ခြောက်ပေ၊ အမြင့် ၁၆ ပေရှိသည့် ရေတံခါးပေါက် ၄၀ ပါဝင်သည့် ကွန်ကရစ်ရင်းငြိမ်ရေထိန်းတံခါးကြီးကို မြင်တွေ့ရသည်။ အဆိုပါ ရင်းငြိမ်ရေထိန်းတံခါးကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ရေခေါ်မြောင်းမကြီးမှာ အလျား ပေ ၂၆၀၀ ရှိပြီး ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၂၄၀၀ ရှိသည်ဟု သိရသည်။ ရေတံခါးကြီး၏တစ်ဖက်မှာ ကတိုက် ရေလှောင်တမံမှ ထုတ်လွှတ် ပေးထားသောရေများဖြင့် ရင်းငြိမ်ချောင်းအတွင်း ရေများပြည့်လျှံလျက်ရှိပြီး တစ်ဖက်တွင်မူ ပင်လယ်ရေငန် မဝင်အောင် တားဆီး ပိတ်ပင်ထားသဖြင့် နုန်းမြေများဖြစ်ကာ ခြောက်သွေ့ အက်ကွဲနေသည်ကို တွေ့ခဲ့ရသည်။

ရေဘေးကာကွယ်မှု

ရင်းငြိမ် ရေထိန်းတံခါးကြီးကို လှည့်လည်ကြည့်ရှုလေ့လာရာတွင် လိုက်ပါလာသည့် တည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက "ဒီရင်းငြိမ်ရေတံခါးကြောင့် ပေါင်မြို့နယ်အတွင်းက လယ်မြေဧက ၂၀၀၀၀ ဟာ ရေကြီး၊ ရေနစ်မြုပ်ခြင်းက ကာကွယ်နိုင်ခဲ့ပါပြီ။ ဒီဒေသက မြေပြန့်ကွင်းပြင်ဖြစ်လို့ မိုးများပြီး ရေကြီးလာရင် ဒီရေတံခါးက ရေဆွဲထုတ်ပေးပါတယ်၊ အရင်က တပေါင်းမှာ မိုးမရွာရင် တန်ခူးမှာ ရေမရှိတော့ဘူး၊ အခုတော့ ကတိုက်ရေလှောင်တမံက ဆည်ရေပေးလို့ စိုက်ပျိုးရေ ပူစရာမလိုတော့ပါဘူး။ ဒီရေတံခါးမှာ ဂိတ်သုံးထပ်ရှိတယ်။ ပင်လယ်ဘက်က ဆားငန်ရေဝင်လာရင် တံခါးက အလိုလိုပိတ်သွားမယ်၊ မိုးရွာလို့ ရေများလာရင်လည်း အလိုလို ပွင့်သွားမယ်၊ ရေဘေးကာကွယ်မှုကို အကျိုးပြုပါတယ်" ဟု ရေတံခါး၏ အသုံးဝင်ပုံကို ရှင်းပြပြောဆိုသည်။

"ရင်းငြိမ် ရေတံခါးကြောင့် လယ်မြေဧက ၂၀၀၀၀ ရေကြီး၊ နစ်မြုပ်ခြင်းက ကာကွယ်နိုင်ခဲ့ပါပြီ။"
ဦးတင်ထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
ဆည်မြောင်းဦးစီးဌာန။

ရေထိန်း တံခါးအနီးတွင်ရှိသော ကျုံထော်ကျေးရွာနေလယ်သမား ဦးသိန်းနိုင်က "ကျွန်တော် လယ်ဧက ၂၀ လုပ်ပါတယ်၊ ရေထိန်းတံခါးမရှိခင်က နှစ်တိုင်း ရေငန်ဝင်ပါတယ်။ နှစ်ကြိမ်၊ သုံးကြိမ် ပြန်စိုက်ရတယ်၊ အချိန်ကုန် ငွေကုန်ပါတယ်။ အခု ရေထိန်းတံခါးကြီး ကြောင့် ရေငန်မဝင်တော့ တစ်ကြိမ်ပဲ စိုက်ရတယ်၊ ဒါ့ကြောင့် နွေစပါးကို ၁၀ ဧက စိုက်ပါတယ်၊ ရေထိန်းတံခါး တည်ဆောက်ပေးလို့ ကျေးဇူးအထူးတင်ပါတယ်" ဟု ပြောကြားသည်။

"ရေငန်မဝင်တော့ တစ်ကြိမ်ပဲ စိုက်ရတော့တယ်။"
ဦးသိန်းနိုင်(လယ်သမား)
ကျုံထော်ကျေးရွာ။

အသက် ၆၀ ရှိပြီဖြစ်သော ဇင်းကျိုက်ကျေးရွာနေ လယ်သမားကြီး ဦးစိန်ဝင်းကလည်း "မိုးစပါး ရှစ်ဧက စိုက်ပါတယ်၊ အရင်က စိတ်မပူတပါနှင့် စိုက်ရတာ၊ စပါးစိုက်လိုက် ရေမြုပ်လို့ ပျက်စီးလိုက်နဲ့ ဘယ်စိတ်ပါပါ့မလဲ၊ အခုတော့ တစ်ခါစိုက်၊ တစ်ခါအောင်တယ်လေ၊ ရေထိန်းတံခါးကြောင့်ပေါ့၊ ရေမရှိရင်လဲ ရေလှောင်တမံက ရေပေးတယ်၊ အခုတော့ နွေစပါး နှစ်ဧကကို စမ်းစိုက်နေပါပြီ။ အစိုးရကို ကျေးဇူးတင်ပါတယ်" ဟု ရိုးရိုးရှင်းရှင်း ပြော၏။

ဖြူဘကျေးရွာနေ လယ်သူမကြီး ဒေါ်ခင်သန်းက "မိုးစပါးကတော့ ၁၀ ဧက စိုက်ပါတယ်၊ မိုးစပါးက တင်း ၇၀ ထွက်ပြီး နွေစပါးက တင်း ၈၀ ထွက်တော့ နောင်နှစ်ကျရင် နွေစပါး ပိုစိုက်တော့မှာပါ။ စိုက်ပျိုးရေတင်မဟုတ်ဘဲ သောက်သုံးရေပါရလို့ ဆည်ဆောက်ပေးတဲ့သူရော၊ ရေတံခါးဆောက်ပေးတဲ့သူရော အားလုံး ကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

ရင်တွင်းစကားသံ

အသက် ၅၈ နှစ်ရှိပြီဖြစ်သော ဖြူဘကျေးရွာနေ လယ်သမားကြီး ဦးအောင်မြင့်နှင့် တွေ့ဆုံရာ "မိဘများ လက်ထက်ကပင် စပါးစိုက်ခဲ့ကြောင်း၊ မိုးစပါး ရှစ်ဧကနှင့် နွေစပါးနှစ်ဧက စိုက်ကြောင်း၊ ဆည်ရေရသဖြင့် နွေစပါးစိုက်တာ ပိုမို အောင်မြင်ပါကြောင်း၊ နွေစပါးကို တိုးချဲ့ စိုက်ပျိုးမှာဖြစ်ကြောင်း၊ ပြည်သူများအတွက် ဆည်တမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးသော နိုင်ငံတော်အစိုးရကို အထူးကျေးဇူး တင်ပါကြောင်း" ဟု ပြောကြားသွားသည်။ ဒေသခံ လယ်သမားကြီးများ၏ ရင်တွင်းစကားသံများ ပေတည်း။

စိမ်းလန်းစိုပြည်

လယ်မြေများတွင် ပင်လယ်ရေငန် မဝင်အောင် တားဆီးပေးခြင်း၊ ရေနက်ကွင်းများမှ ရေပိုရေလျှံများကို ထုတ်ယူပေးသည့် ရေထိန်းတံခါးများနှင့် မိုးရေကို သိုလှောင်ကာ စိုက်ပျိုးရေပေးဝေသည့် ရေလှောင်တမံတို့ကလည်း တစ်ခုနှင့်တစ်ခု ပေါင်းစပ်ယှက်နွှယ်နေသည်ကို တွေ့ရသည်။ အထက်ဘက်မှ ရေလှောင်တမံ တည်ဆောက်ပြီး၊ အောက်ဘက် ရေတံခါးမှ ရေထိန်း၍ ရေနုတ်မြောင်းမှ ရေပေးသောစနစ်ဖြင့် ဆောင်ရွက်နေသောကြောင့် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ လယ်မြေများသည် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ပြီး ဒေသခံများ၏ စားဝတ်နေရေးဖူလုံမှုကို အကျိုးပြုသည်သာမက၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်နေတော့မည်မှာ မလွဲမသွေဖြစ်ပါကြောင်း သတင်းခရီးသည်၏ ကိုယ်တွေ့မြင်ကွင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အလျားပေ ၂၆၀၀ရှိ ရေခေါ်မြောင်းမှ စီးဝင်လာသည့် ရေများအား ရင်းငြိမ်ရေထိန်းတံခါးဖြင့် ထိန်းသိမ်းသိုလှောင်ထားသည်ကို ရင်းငြိမ်ချောင်းအတွင်း ဤသို့ တွေ့ရသည်။

နွေစပါးစိုက်ပျိုးရန် ကတိုက်ရေလှောင်တမံမှ ဆည်ရေများကို ရေနုတ်မြောင်း စနစ်ဖြင့် ပေးဝေနေသည်မှာ····။

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ရွာအထက် တစ်မိုင်ခွဲခန့်အကွာ ရင်းငြိမ်ချောင်းကိုပိတ်၍ လယ်မြေဧက ၂၀၀၀၀ကို ရေငန်မဝင်နိုင်ရန်နှင့် ရေချိုထိန်းနိုင်ရန် တည်ဆောက်ထားသော ရေတံခါးပေါက် ၄၀ပါ ရင်းငြိမ် ရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။

2-6 (10).pmd 1 6/2/2010, 1:52 AM

ဘရာဇီးနှင့် ပေါ်တူဂီတို့ ခြေကုန်ထုတ်မှ ကျော်ဖြတ်နိုင်မယ့်

အုပ်စု(ဆ)မှ ပြိုင်ပွဲဝင်အသင်းများအခြေအနေ

➤ ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့်(မြန်မာ့အလင်း)

ကိတ်တောင်း ဇွန် ၁

၂၀၁၀ တောင်အာဖရိကဘောလုံးပြိုင်ပွဲမှာတော့ အုပ်စု(ဆ)ဟာ အုပ်စုကျပ်တဲ့ အနေအထားရှိနေပါတယ်။ ဒီအုပ်စုမှာ ဘရာဇီး၊ အိုင်ဗရီကို့စ်၊ မြောက်ကိုရီးယားနဲ့ ပေါ်တူဂီအသင်းတွေပါဝင်နေတာမို့ အကြိတ်အနယ်နွှဲရမယ့် အုပ်စုပဲဖြစ်ပါတယ်။ ဘရာဇီးနဲ့ ပေါ်တူဂီတို့ဟာ နောက်တစ်ဆင့်တက်ရေးအတွက် ခြေကုန်ထုတ်ရမယ့် အခြေအနေဖြစ်နေပါတယ်။

ဘရာဇီးအသင်း

ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားကို ၁၉၅၈၊ ၁၉၆၂၊ ၁၉၇၀၊ ၁၉၉၄ နဲ့ ၂၀၀၂ ခုနှစ်တို့မှာ ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို (၁၈)ကြိမ် တက်ရောက်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားငါးကြိမ်ရယူနိုင်ခဲ့တာမို့ အခု ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ (၁၉)ကြိမ်မြောက်အဖြစ် နောက်ဆုံးဗိုလ်လုပွဲအထိတက်ရောက်နိုင်ရေး ပြင်ဆင်ကြိုးစားနေပြီဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ဒုတိယနေရာမှာရှိနေပြီး နည်းပြကတော့ ဒွန်ဂါပဲဖြစ်ပါတယ်။ အသင်းခေါင်းဆောင်အဖြစ် ကာကာကိုတာဝန်ပေးထားပြီး ဘရာဇီးဟန်အတိုင်း ကစားသမားများစုစည်းကာ လေ့ကျင့်ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဘရာဇီးအသင်းမှာတော့ ရီးရဲမက်ဒရစ်မှာကစားနေတဲ့ ကာကာ၊ ဆီဗီလာကလပ်မှာ ကစားနေတဲ့ တိုက်စစ်မှူး ဖာဘီရာနို၊ ဂျူဗင်းတပ် ကွင်းလယ်ကစားသမား မီလို၊ ဘာစီလိုနာမှာကစားနေတဲ့ အဲလ်ဗက်စ်နဲ့ ရော်ဘင်ဟိုတို့ကို အဓိကထားပြီး စုစည်းကစားမှာဖြစ်ပါတယ်။ နည်းပြဒွန်ဂါကတော့ ကမ္ဘာ့ဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ဖို့အတွက် ပြိုင်ဘက်တိုင်းကိုကျော်ဖြတ်ပြီး အောင်ပွဲဆင်နိုင်ရေး လေ့ကျင့်ပြင်ဆင်နေပြီဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်း

ကမ္ဘာ့ဖလား သမိုင်းစာမျက်နှာသစ်ကိုဖွင့်လှစ်ဖို့အတွက် ကြိုးစားလေ့ကျင့်နေတာကတော့ အိုင်ဗရီကို့စ်အသင်းပဲဖြစ်ပါတယ်။ အုပ်စု(ဆ)မှာတော့ အိုင်ဗရီကို့စ် အသင်းဟာ အုပ်စုအဆင့်က တက်ရောက်နိုင်ရေးအတွက် ဘရာဇီးနဲ့ ပေါ်တူဂီတို့လို အသင်းတွေကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရမှာဖြစ်ပါတယ်။ အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကဇုန်မှာ နောက်ဆုံးခြေစစ်ပွဲအဖြစ် မာလာဝီအသင်းကို တစ်ဂိုးစီ သရေပွဲကစားပြီး ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်လှမ်းခဲ့တာဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအမြင့်ဆုံးမှတ်တမ်းကတော့ ၂၀၀၆ ခုနှစ် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အိုင်ဗရီကို့စ် အသင်းရဲ့ ဖီဖာသတ်မှတ်ချက် ကမ္ဘာ့အဆင့်ကတော့ ၁၆ ဖြစ်ပြီး အသင်းနည်းပြအဖြစ် ဟာလီဟိုဒစ်က တာဝန်ယူနေပါတယ်။ အသင်းခေါင်းဆောင်အဖြစ် တိုက်စစ်မှူး ဒရော့ဘာကို တာဝန်ပေးထားပြီး ဒရော့ဘာရဲ့သွင်းဂိုးတွေနဲ့ အောင်မြင်မှုအသစ်ရရှိအောင် ကြိုးစားလေ့ကျင့်နေပြီဖြစ်ပါတယ်။ အာဖရိကဆင်များလို့ခေါ်ဝေါ်ကြတဲ့ အိုင်ဗရီကို့စ် အသင်းမှာတော့ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ၊ မန်စီးတီးမှာ ကစားနေတဲ့ ခံစစ်မှူး တိုရေး၊ ဆီဗီလာအသင်းမှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ဇိုကိုရာတို့ကိုအခြေခံပြီး ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာမို့ ပြိုင်ဘက်တွေသတိထားရမယ့် အသင်းဖြစ်ပါတယ်။ အသင်းခေါင်းဆောင် ဒရော့ဘာကတော့ အာဖရိကတိုက်မှာကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အောင်မြင်မှုမှတ်တမ်းသစ်တွေ ရေးထိုးသွားမယ်လို့ ဆိုနေပါတယ်။

ပေါ်တူဂီအသင်း

အုပ်စု(ဆ)မှာ နာမည်ကြီးနေတဲ့ အသင်းကတော့ ပေါ်တူဂီပဲဖြစ်ပါတယ်။ ကမ္ဘာကျော်ဘောလုံးသမားတွေနဲ့ ဖွဲ့စည်းထားတာမို့ ပေါ်တူဂီအသင်းဟာအုပ်စုကနေ နောက်တစ်ဆင့်တက်ဖို့ ရေပန်းစားနေပြီး ပြိုင်ဘက်တွေ အလေးထားယှဉ်ပြိုင်ရမယ့် အသင်းတစ်သင်းလည်း ဖြစ်နေပါတယ်။ ပေါ်တူဂီအသင်းဟာ နောက်ဆုံးခြေစစ်ပွဲအဖြစ် ဘော့စနီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအထိ တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ၂၀၀၆ ခုနှစ် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး စတုတ္ထရရှိခဲ့တဲ့ မှတ်တမ်းကောင်းရှိခဲ့ပါတယ်။ ဖီဖာရဲ့ကမ္ဘာ့အဆင့် သတ်မှတ်ချက် ပဉ္စမနေရာမှာရှိနေပြီး ပေါ်တူဂီအသင်းရဲ့ နည်းပြကတော့ မန်ယူအသင်းမှာ ဖာဂူဆန်ရဲ့ လက်ထောက်နည်းပြလုပ်ခဲ့ဖူးတဲ့ ကားလို့စ်ကွီရော့ဇ် ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းခေါင်းဆောင်အဖြစ် ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့တဲ့ မန်ယူတောင်ပံကစားသမားဟောင်း စီရိုနယ်ဒိုကို တာဝန်ပေးထားပါတယ်။ ပေါ်တူဂီအသင်းမှာတော့ အသင်းခေါင်းဆောင်စီရိုနယ်ဒို၊ ချယ်လ်ဆီးမှာ ကစားနေတဲ့ဒေကို၊ အက်သလက်တီကို မက်ဒရစ်မှာ ကစားနေတဲ့ စီမာအို၊ ချယ်လ်ဆီးမှာကစားနေတဲ့ နောက်ခံလူကာဗယ်ဟိုနဲ့ မန်ယူက နာနီ စတဲ့ ကစားသမားတွေနဲ့ စုစည်းထားပြီး ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ရေးအတွက် လေ့ကျင့်နေပြီဖြစ်ပါတယ်။

မြောက်ကိုရီးယားအသင်း

အုပ်စု(ဆ)မှာတော့ မြောက်ကိုရီးယားအသင်းဟာ အုပ်စုကတက်ရေးအတွက် အကြိတ်အနယ်နွှဲရမယ့် အနေအထားရှိပါတယ်။ မြောက်ကိုရီးယားအသင်းဟာ အာရှဇုန် ခြေစစ်ပွဲမှာ နောက်ဆုံးခြေစစ်ပွဲအဖြစ် ဆော်ဒီအာရေဗျအသင်းကို ဂိုးမရှိ သရေပွဲကစားပြီး ၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ မြောက်ကိုရီးယားအသင်းရဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှတ်တမ်းကိုကြည့်ရင် ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး အဲဒီကွာတားဖိုင်နယ်မှာ ပေါ်တူဂီကို ငါးဂိုး-သုံးဂိုးနဲ့ ရှုံးပြီး ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကွာတားဖိုင်နယ်ပွဲမှာ ပေါ်တူဂီအသင်းက သုံးဂိုးနဲ့ ဦးဆောင်ကစားနေပေမယ့် စိတ်ဓာတ်မယိမ်းယိုင်ဘဲ ပေါ်တူဂီကို သုံးဂိုးရအောင် ပြန်သွင်းနိုင်ခဲ့တဲ့ မြောက်ကိုရီးယားဘောလုံးသမားတွေရဲ့ စိတ်ဓာတ်က ချီးကျူးစရာကောင်းပါတယ်။ အဲဒီလိုစိတ်ဓာတ်မျိုးနဲ့ အခုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲဖို့ လေ့ကျင့်နေပြီဖြစ်ပါတယ်။

ခန့်မှန်းရခက်

မြောက်ကိုရီးယားအသင်းဟာ ဖီဖာရဲ့လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၈၄မှာ ရှိနေပြီး နည်းပြအဖြစ် ကင်ကျုံဟွမ်က တာဝန်ယူဆောင်ရွက်နေပါတယ်။ မြောက်ကိုရီးယားအသင်းခေါင်းဆောင်ကတော့ ဟောင်ယွန်ဂျိုဖြစ်ပြီး ရုရှားကလပ်အသင်းတစ်သင်းမှာ ကစားနေတဲ့တိုက်စစ်မှူးဖြစ်ပါတယ်။ ဒါ့အပြင် အင်ယောင်ဟက်တို့လို ခြေစွမ်းထက်တဲ့ ကွင်းလယ်ကစားသမားမျိုးတွေနဲ့ ပြည်တွင်းမှာရှိနေတဲ့ လူငယ်ခြေတက်တွေကို ဖွဲ့ထားတာမို့ မြောက်ကိုရီးယားအသင်းရဲ့ ခြေစွမ်းဟာ ပြိုင်ဘက်တွေ ခန့်မှန်းရခက်တဲ့ အနေအထားဖြစ်နေပြီး အခြားအသင်းတွေအတွက် ဖျက်မြင်းဖြစ်သွားနိုင်ပါတယ်။

စိတ်ဝင်စားစရာကောင်း

ဒါကြောင့် အုပ်စု(ဆ)ဟာလည်း ပရိသတ်မျှော်မှန်းသလို ဖြစ်မလာနိုင်တဲ့ ပွဲရလဒ်တွေဖြစ်ပေါ်နိုင်တာမို့ စိတ်ဝင်စားစရာကောင်းတဲ့ အုပ်စုဖြစ်နေပြန်ပါတယ်။ ။

ကိုးကား-အင်တာနက်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှတ်တမ်းသစ်ရေးထိုးမည့် အိုင်ဗရီကို့စ်အသင်း။

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဘရာဇီးအသင်းဆဋ္ဌမမြောက် ကမ္ဘာ့ဖလားကို ဆွတ်ခူးရယူနိုင်ပါ့မလား။

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို မေ ၂၉ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင်က ခရိုင် ရဲတပ်ဖွဲ့ရုံးမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ ၈၈ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၅၁၈၀၀၀ကို ကျောင်းသားကျောင်းသူများအား တစ်ဦးချင်း ပေးအပ်စဉ်။

(၁၁၃)

ဉာဏ်သစ်လောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံဆရာဝန်အသင်း ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် အမျိုးသမီးများတွင် အဖြစ်များသော အရိုး၊ ကြွက်သားနာကျင်မှုဆိုင်ရာရောဂါများအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို ဇွန် ၅ရက် နံနက် ၈နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကြွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ဇွန်၅ရက် နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ တောင်ကုတ်မြို့၌ကျင်းပ

တောင်ကုတ် ဇွန် ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ရက် ညနေ ၄နာရီတွင် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ ရေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်(**အပေါ်ပုံ**)က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးထွန်းမြင့်က ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အတွင်းရှိ ချို့တဲ့ကလေးများအတွက် ကျောင်းသုံးပစ္စည်း၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျောင်းသား ကျောင်းသူများက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

အရှေ့တောင်အာရှ သက်တန်းအလိုက်ရေကူးပြိုင်ပွဲ
မြန်မာလူငယ်ရေကူးအဖွဲ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇွန် ၂ရက်မှ ၅ရက်အထိ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ရေကူးအဖွဲ့သည် ယနေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ပါဝင်

မြန်မာလူငယ်ရေကူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အမှုဆောင်ဦးထွန်းထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ၊ T.T.O Trading Co., Ltd.)၊ အုပ်ချုပ်သူအဖြစ် ဦးချိုမောင်၊ နည်းစနစ်အကြံပေးအဖြစ် ဦးသန်းကျော်ညွှန့် (ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြအဖြစ် ဦးငွေလှမိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်မော်ဦးနှင့် ဒေါ်ခင်ပြည့်စုံမြင့်၊ အားကစားသမားများအဖြစ် အသက်(၁၇)နှစ်အောက် ဇင်မောင်ထက်၊ အောင်ဇော်ဖြိုး၊ အိအိသက်၊ အသက်(၁၄)နှစ်အောက် တင်ကျော်လင်း၊ စောကျော်ဝင်း၊ အသက်(၁၂)နှစ်အောက် မင်းသုခ၊ သစ်ဟိန်း၊ ကောင်းထက်ဇော်၊ သန်းထွန်းအောင်၊ နန်းခင်ဝင်း၊ နန်းခမ်းမြတ်ခြူး၊ ကေဇင်ဝင်းနှင့် ဂျူလိုင်ထွန်းတို့ ပါဝင်ကြသည်။

ရည်ရွယ်

မြန်မာလူငယ်ရေကူးအဖွဲ့သည် အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်ခြင်းဖြင့် နောက်ဆုံးပေါ်ရေကူးနည်းစနစ်များ၊ ဥပဒေများနှင့် (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် ပြိုင်ဘက်နိုင်ငံများ၏ လက်ရည်ကို အနီးကပ်လေ့လာခွင့်ရရှိမည်ဖြစ်ပြီး ယခုပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များ ရရှိရန်နှင့် အတွေ့အကြုံများရရှိရန် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည် မြန်မာ့ရေကူးအားကစား တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ရည်ရွယ်ကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

(မြန်မာ့အလင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် 'စီ'လမ်းထောင့်၊ မြေကွက်အမှတ် (၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘေးကင်း သွယ်လျလှပ အဆီကျစေသည့် Lobese ဆေးဝါးဖြန့်ချိ

ရန်ကုန် ဇွန် ၁

ကိုယ်အလေးချိန် ရှိသင့်သည်ထက် မပိုစေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်းသည် ကိုယ်အလေးချိန် လျှော့ချရန်သာမက ခန္ဓာကိုယ်ကျန်းမာရေးအတွက်ပါ အထောက်အကူပြုစေသည်။ အဝလွန်ခြင်းသည် ကယ်လိုရီစားသုံးခြင်းနှင့် ကိုယ်ခန္ဓာမှ ကယ်လိုရီသုံးစွဲခြင်း အချိုးမညီမှုကြောင့် ခန္ဓာကိုယ်အတွင်း အဆီဖြစ်ပေါ်စေပြီး အဝလွန်ခြင်းဖြစ်ပေါ်လာရသည်။

စံပြုထား

ယခုအခါ အစားအစာများကို ပုံမှန်ထက် လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျစေမည့် Lobese Carbohydrate Blocker ဆေးဝါးကို Australia နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည်။ Lobese ဆေးဝါးသည် သဘာဝပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phascolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံးအစာ (World's Healthiest Food)အဖြစ် စံပြုထားသည်။

သောက်သုံးနိုင်

Lobese သည် အစားစားချင်စိတ် လျော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့် အစာတွင်ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်း ဖြစ်သည်။ Lobese သောက်သုံးပြီး ကယ်လိုရီ ၃၀၀ ပါဝင်သည့် ထမင်းတစ်ပန်းကန် စားသုံးသည့်အခါ ကယ်လိုရီ ၅၀ သာ ရရှိမည်ဖြစ်သည်။ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန် ကျဆင်းအောင် Lobeseက ဆောင်ရွက်ပေးခြင်းဖြစ်သည်။ Lobese သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅ မိနစ်ခန့်အလိုတွင် Lobese တစ်လုံး သို့မဟုတ် နှစ်လုံးကို တစ်နေ့နှစ်ကြိမ် သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရသည်။

တင်သွင်းဖြန့်ချိ

Lobese ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်းအမှတ် ၁၀၃ ဖုန်း-၅၅၈၂၄၈ နှင့် ၅၄၄၄၆၇၊ e-mail : Zifamltd @ mpt. mail. net. mm www. Zifampinnacle. com က တင်သွင်းဖြန့်ချိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး မကွေးမြို့၌ ရှောင်တခင်စစ်ဆေး

မကွေး ဇွန် ၁

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး(မကွေး)မှ တိုင်းဦးစီးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများသည် မေ ၃၀ရက်က မကွေး-နတ်မောက်လမ်းမြို့အဝင် ကန်ပြားဂိတ်အနီးနှင့် မကွေး-တောင်တွင်းကြီးလမ်းမြို့အဝင် မကျည်းကန်ဂိတ်အနီးတို့တွင် ယာဉ်မတော်တဆမှုပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှုရှိ မရှိ၊ သတ်မှတ် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်မှု ရှိ မရှိ၊ ယာဉ်သက်တမ်းများကျော်လွန်မှု ရှိ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်း ရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၇။	အားနာတယ်
၈:၂၅	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀	၉။	အတီးပြိုင်ပွဲ
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀	၁။	Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **Southern Myanmar F.C နှင့် ရန်ကုန်ယူနိုက်တက် F.C**
၅:၀၀	၂။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၅	၄။	သီချင်းကြီးကဏ္ဍ
၅:၃၅	၅။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅:၄၅	၆။	ရင်ခုန်စောင့်စား ကမ္ဘာ့ဖလား **အုပ်စု (B)**
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	**မြန်မာ့ခလေ့ ရိုးရာလက်ရေ့**
၆:၃၅	၁၀။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၀၅	၁၁။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၃၅	၁၂။	အလင်္ကာကျော်စွာ မြို့မငြိမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၇)
	၁၇။	မြန်မာဗီဒီယိုဇာတ်လမ်း **ဆူးနှစ်နှလုံးသား** လွင်မိုး၊ နန္ဒာလှိုင် [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ၁၁ဦး၊ အထက်တန်းအဆင့် ၁၅ဦး၊ အလယ်တန်းအဆင့် ၂၂ဦးနှင့် မူလတန်းအဆင့် ၃၁ဦး စုစုပေါင်း ၇၉ ဦးတို့အား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

(အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့)

ကြွပ်ကြွပ်အိတ် အသုံးမပြုရေး နတ်မောက်တွင် အသိပညာပေးဟောပြော

နတ်မောက် ဇွန် ၁

နတ်မောက်မြို့ပေါ်နှင့် မြို့နယ်အတွင်း ကြွပ်ကြွပ်အိတ်အသုံးမပြုရေး အသိပညာပေး ဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုက ကြွပ်ကြွပ်အိတ် အသုံးမပြုရေး ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ကြွပ်ကြွပ်အိတ် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို အသိပညာပေး ဟောပြောသည်။

(မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၆-၂၀၁၀

ဋမြို့	၃ ဒသမ ၀၇ လက်မ
ဘီးလင်းမြို့	၂ ဒသမ ၈၇ လက်မ
ကျောက်တော်မြို့	၁ ဒသမ ၉၃ လက်မ
မြဝတီမြို့	၁ ဒသမ ၇၃ လက်မ
ဘားအံမြို့	၁ ဒသမ ၃၄ လက်မ

မြိုင်မြို့ မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၃၇၊ လူဦးရေ ၁၆၀၈ဦးတို့အား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းထွန်းနှင့် ဇနီးတို့ကလှူဒါန်းမှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဂါလန် ၁၉၀၀၀ကို ဖြန့်ဝေပေးစဉ်။ (မြို့နယ်စည်ပင်)

ကာရစ်ဘီယံဒေသမှ စိန့်လူစီယာနိုင်ငံအကြောင်း စေ့ငုရပါလျှင်....

နိုင်ငံတကာသတင်းအက်ဆေး

တိုး-ရေးသားသည်

စိန့်လူစီယာနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ ခရီးသွားလုပ်ငန်းသည် ဤနိုင်ငံအတွက် အဓိကဝင်ငွေရှာပေးသည့် လုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်အများဆုံး ရှာပေးသည့် စီးပွားရေးလုပ်ငန်းလည်း ဖြစ်သည်။



ကာရစ်ဘီယံပင်လယ်ကမ်းခြေနှင့် အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေများ၊ တောတောင်များ၊ ထူးခြားဆန်းပြားသည့် အပင်များသည်လည်းကောင်း၊ ကန့်ဓာတ်ပါဝင်သော ရေပူစမ်းများ၊ ပန်းထွက်နေသော ကွာလီဘိုးမီးတောင်သည်လည်းကောင်း ဤနိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် သဘာဝအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလျက်ရှိသည်။

စိန့်လူစီယာကျွန်းကို ခရစ္စတိုဖာကိုလံဘတ်က ၁၅၀၁ခုနှစ်တွင် တွေ့ရှိသည်။ ၁၆၃၅ ခုနှစ်တွင် ပြင်သစ်က ကိုလိုနီနယ်ထူထောင်သည်။ ၁၈၁၄ခုနှစ်တွင် ပါရီသဘောတူစာချုပ်အရ ပြင်သစ်က စိန့်လူစီယာနိုင်ငံကို ဗြိတိန်လက်သို့ ထိုးအပ်လိုက်ရသည်။

ဖျက်သိမ်း

ဗြိတိန်နိုင်ငံက ဗြိတိသျှအစိုးရတိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီအဖြစ်သတ်မှတ်ပြီး ကြံစိုက်ပျိုးရေးတွင်ခိုင်းစေရန် အာဖရိကကျွန်များကို ခေါ်ယူခဲ့သည်။ ၁၈၃၄ခုနှစ်တွင် ကျွန်စနစ်ဖျက်သိမ်းသည်။ ၁၉၆၄ခုနှစ်တွင် ကြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည်။

၁၉၆၇ခုနှစ်တွင် ဤနိုင်ငံသည် ပြည်တွင်းရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကို ဗြိတိန်က ချုပ်ကိုင်ထားသည်။

၁၉၇၉ခုနှစ်တွင် စိန့်လူစီယာနိုင်ငံ လွတ်လပ်ရေးရသည်။ ညီညွတ်သော အာရပ်သမားပါတီ(ယူဒဗလျူပီ)ခေါင်းဆောင် ဂျွန်ကွမ်တန်ဝန်ကြီးချုပ်ဖြစ်လာသည်။ အထွေထွေရွေးကောက်ပွဲ ကျင်းပသောအခါ စိန့်လူစီယာ အာရပ်သမားပါတီ (အက်စ်အယ်လ်ပီ) အနိုင်ရပြီး အလန်လူစီဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၁ခုနှစ်တွင် ပါတီအကွဲအပြဲ ကြုံတွေ့ပြီးနောက် အလန်လူစီ ရာထူးမှနုတ်ထွက်သည်။ ရှေ့နေချုပ် ဝင်စတန်စီနက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၇ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ယူဒဗလျူပီပါတီ အပြတ်အသတ်အနိုင်ရပြီး ဂျွန်ကွမ်တန် အာဏာပြန်ရလာသည်။ ၁၉၈၄ ခုနှစ်ရွေးကောက်ပွဲ၌ အာဏာရပါတီကပင် ထပ်၍အနိုင်ရသည်။ ၁၉၉၂ ခုနှစ်တွင်လည်း ယူဒဗလျူပီပါတီ ထပ်မံအနိုင်ရပြန်သည်။ ၁၉၉၆ ခုနှစ်တွင် ဂျွန်ကွမ်တန် ရာထူးမှထွက်သောအခါ ဗောလန်လေဗစ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၇ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အက်စ်အယ်လ်စီ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့ အနိုင်ရပြီး ကင်နီအင်သိုနီ ဝန်ကြီးချုပ်ဖြစ်လာသည်။

စိန့်လူစီယာနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိ၊ ခရီးသွားလုပ်ငန်းသည် ဤနိုင်ငံအတွက် အဓိကဝင်ငွေရှာပေးသည့် လုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်အများဆုံးရှာပေးသည့် စီးပွားရေးလုပ်ငန်းလည်းဖြစ်။

အစားထိုး

၂၀၀၆ ခုနှစ် ဒီဇင်ဘာ အထွေထွေရွေးကောက်ပွဲတွင်သာ ဂျွန်ကွမ်တန် ယူဒဗလျူပီပါတီ အနိုင်ရသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာတွင် ဝန်ကြီးချုပ် ဂျွန်ကွမ်တန် ကွယ်လွန်သဖြင့် စတီဖင်ဆန်ကင်းက အစားထိုးတာဝန်ယူသည်။

ဤနိုင်ငံတွင် ကြံစိုက်ပျိုးမှုကို ၁၉၆၄ ခုနှစ်တွင် ရပ်ဆိုင်းပြီးနောက် ငှက်ပျောသီးအကြီးအကျယ် တင်ပို့ရောင်းချသည်။ သရက်သီးနှင့် ထောပတ်သီးများ ဤနိုင်ငံ၌ စိုက်ပျိုးအောင်မြင်သည်။ ယခုအခါ ခရီးသွားလုပ်ငန်းမှာ များစွာအောင်မြင်သည့်အတွက် ငှက်ပျောသီးတင်ပို့ရောင်းချခြင်းထက် နိုင်ငံခြားဝင်ငွေများကို ပိုမိုရှာဖွေပေးနိုင်သည်။

ပြည်သူအများစုမှာ ၁၉ရာစုက ဗြိတိသျှတို့ခေါ်ယူခဲ့သည့် အာဖရိကကျွန်များ၏ အဆက်အနွယ်များဖြစ်သည်။ ဤနိုင်ငံမှာ ဗြိတိသျှကိုလိုနီဖြစ်ခဲ့သလို ပြင်သစ်လက်အောက်တွင် ကျရောက်ခဲ့သဖြင့် ဘာသာစကားနှစ်မျိုးလုံးညှပ်၍ ပြောဆိုနိုင်သည်။

ရှာဖွေပေးနိုင်

လူဦးရေ တစ်သိန်းခွဲကျော်ရှိသည့် ဤနိုင်ငံတွင် အင်္ဂလိပ်ဘာသာစကားမှာ ရုံးသုံးဖြစ်ပြီး ပြင်သစ်ဘာသာစကားကိုလည်း အတန်အသင့်သုံးနှုန်းကြသည်။ ထို့ကြောင့်ပင် နိုင်ငံခြားသားများနှင့် ဆက်ဆံပြောဆိုရာတွင် ဘာသာစကားအခက်အခဲ နည်းပါးပြီး တစ်ဖက်တစ်လမ်းမှ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းက ဤနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးနိုင်ခြင်း လည်းဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ဘဝအမောပြေ

အောင်စာရင်း

အလယ်တန်းစာသင်ကျောင်းတစ်ကျောင်း၌ တက်ရောက်စာသင်နေသော သားဖြစ်သူအား မိခင်ဖြစ်သူက အောက်ပါအတိုင်း မေးမြန်းလေသည်-

မိခင် ။ ။ သားတို့ လပတ်စာမေးပွဲဖြေပြီးပြီလား။

သား ။ ။ ဟုတ်ကဲ့။

မိခင် ။ ။ အောင်စာရင်းကောသိရပြီလား။

သား ။ ။ ဟုတ်ကဲ့။

မိခင် ။ ။ သားတို့ အောင်စာရင်းကတ်ပြားတွေ မပေးသေးဘူးလား။

သား ။ ။ တခြား ကျောင်းသားတွေတော့ ပေးနေတာတွေ့တယ်။

မိခင် ။ ။ သားရဲ့အောင်စာရင်းကတ်ပြားရော မရသေးဘူးလား။

သား ။ ။ သားကိုတော့မပေးဘူး။

မိခင် ။ ။ ဘာဖြစ်လို့လဲ။

သား ။ ။ မေမေ့ကိုပဲပေးမယ်တဲ့၊ မေမေကျောင်းကို ကိုယ်တိုင်လာခဲ့ပါတဲ့။

မိခင် ။ ။ ``ဟေ''။

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

စာမျက်နှာပွဲ့စည်းမှု–စင်သန္တာသိန်း (မြန်မာ့အလင်း)

ရော်ဘာကွင်းကစားသူ ဦးရေအများဆုံး

ဗြိတိန်နိုင်ငံ ဘီရာမင်စတာမြို့၌ ကျောင်းသား ကျောင်းသူ ၃၆၃ဦးတို့ စုပေါင်းပြီး ရော်ဘာကွင်းစုပေါင်းကစားမှုကို အချိန်တစ်ပြိုင်တည်းကစားခဲ့ကြရာ ကမ္ဘာပေါ်တွင်ရော်ဘာကွင်းစုပေါင်းကစားသူ ဦးရေအများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)

ပလတ်စတစ်လျှပ်စစ်ကား အများဆုံးမောင်းနှင်မှု

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် ဖရာချာမြို့၌ မေ ၂၆ရက်က ပလတ်စတစ် လျှပ်စစ်ကားအစီးရေ ၁၂၆စီးစုပေါင်းမောင်းနှင်မှုပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် ပလတ်စတစ်လျှပ်စစ်ကားစီးရေအများဆုံး စုစည်းမောင်းနှင်မှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ဖော်ပြခံရသည်။ ၂၀၀၇ခုနှစ်က မှတ်တမ်းတင်ထားမှုအစီးရေမှာ ၆၅စီးဖြစ်သည်။ (အောက်ပုံ)

(အင်တာနက်)

လူဦးရေအများဆုံး ပခုံးလက်ကိုင်မှု

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မေ ၂၅ရက်က လူတစ်ဦး၏ ပခုံးကို အခြားတစ်ဦးက နောက်ကျောမှလက်ဖြင့်ကိုင်ကာ လူဦးရေအများဆုံး စုပေါင်းပြုလုပ်မှုတစ်ရပ်ကို လူ ၇၁၀တို့က စုပေါင်းလုပ်ဆောင်ခဲ့ကြရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး ပခုံးလက်ကိုင်မှုတစ်ရပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဗိသုကာပညာအရ တစ်မူထူးခြားသော ယူနန်ပြည်နယ်ပြခန်းဆောင်ကို တွေ့ရစဉ်။

တစ်ကမ္ဘာလုံးပါဝင်ဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ(၄)

မြန်မာသတင်းအဖွဲ့ ကွင်းဆင်းတင်ပြသည် / စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇွန် ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲသည် ကမ္ဘာ့နိုင်ငံများ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ နောက်ဆုံးအောင်မြင်မှုများနှင့် စီးပွားရေးဆိုင်ရာ နောက်ဆုံးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ထုတ်ပြသနိုင်သည်ဟု မြန်မာ့သတင်းအဖွဲ့က လေ့လာတွေ့ရှိရသည်။

နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၄၆ (နိုင်ငံ/ဖွဲ့)က ပါဝင်ဆင်နွှဲလျက်ရှိပြီး နိုင်ငံနယ်နိမိတ်၊ တိုင်းရင်းသားမျိုးနွယ်စုနှင့် ဘာသာရေး ယုံကြည်ချက်တို့အရ အပိုင်းအခြားမထားရှိဘဲ ခင်းကျင်းပြသကြသည်ကို တွေ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁

ဇွန် ၁ရက် နံနက် ၂နာရီ ၂၄မိနစ် စက္ကန့် ၃၀တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)